# ကြေးမုံ

The Mirror Daily

၁၉၅၇ ဩ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday, 26 September 2022 ၁၀၈၇၀


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများက "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ဘုရားကန်တော့ခန်း၊ ဇာတ်တော်ကြီးသမားစဉ် အပျိုတော်ထွက်ခန်းနှင့် နှစ်ပါးသွားခန်းတို့ဖြင့် အစပျိုးပြီးကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

## "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီး ဒုတိယနေ့ ဆက်လက်တင်ဆက်ကပြ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်  စက်တင်ဘာ  ၂၅

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အနုပညာရှင်များ ပူးပေါင်းပါဝင်၍ သမားစဉ်နှင့်အညီ ကပြဖျော်ဖြေတင်ဆက်ထားသည့် "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေမှု ဒုတိယနေ့ကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ ဆက်လက်ကပြဖျော်ဖြေရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## ယနေ့ ဖတ်စရာ


**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ ရောက်ရှိ** — စာမျက်နှာ » ၄

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၄၆၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** — စာမျက်နှာ » ၅

**အမျိုးသားအကျိုးစီးပွားနှင့် မြန်မာ - ရုရှားဆက်ဆံရေး** — ဆောင်းပါး စာမျက်နှာ » ၆

**ငါးသလောက်ငါးမျိုး တည်တံ့ရေး ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းပေး** — ဆောင်းပါး စာမျက်နှာ » ၁၁

ကြေးမုံ

# ကမ္ဘာမြေအရှည်တည်တံ့ရေး နိုင်ငံများနှင့်လက်တွဲဆောင်ရွက်

လူသားများနှင့်သက်ရှိလောက ရှင်သန်ရပ်တည်နိုင်ရေးအတွက် ယနေ့ကမ္ဘာကြီးဖြစ်တည်လာသည်မှာ နှစ်သန်းပေါင်းများစွာရှိပြီဖြစ်သည်။ ကမ္ဘာကြီးမပျက်မစီးဘဲ အရှည်တည်ရှိနေနိုင်ရန်အတွက် ရေ၊ မြေ၊ လေတည်းဟူသော သဘာဝအကြောင်းတရားသုံးခုက ထောက်ပံ့ထားသည်။ အဆိုပါ ရေ၊ မြေ၊ လေ သဘာဝအကြောင်းတရားများပျက်စီးလျှင် ကမ္ဘာကြီးလည်း ပျက်စီးယိုယွင်းသွားမည်ဖြစ်သည်။ ထို့ကြောင့် သက်ရှိများ ရှင်သန်နေထိုင်ရာကမ္ဘာကြီး မပျက်စီးစေရေးအတွက် သဘာဝပတ်ဝန်းကျင် မယိုယွင်းအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ကမ္ဘာကြီးပျက်စီးယိုယွင်းခြင်းမရှိစေရန် အဓိကကာကွယ်ထားသောအရာတစ်ခုမှာ အိုဇုန်းလွှာဖြစ်သည်။ အိုဇုန်းလွှာဆိုသည်မှာ သိပ္ပံနည်းအရ အောက်ဆီဂျင်ဒြပ်သုံးခုပါဝင်သည့် အငွေ့အစုအဝေးမော်လီကျူးတစ်ခုဖြစ်သည်။ အိုဇုန်းဓာတ်ငွေ့သည် အပြာရောင်ဖျော့ဖျော့ရှိပြီး အလွန်အနံ့ပြင်းသည်။ ကမ္ဘာမြေပြင်အထက် ၁၉ မိုင်မှ ၂၅ မိုင်အတွင်းရှိသည့် သဘာဝအလျောက်ဖြစ်တည်နေသော ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သည်။ ကမ္ဘာ့လေထုနည်းတူ ကမ္ဘာကြီးလှည့်ပတ်ရာလမ်းကြောင်းအတိုင်း လိုက်ပါနေသော အလွှာတစ်ခုဖြစ်သည်။ အိုဇုန်းလွှာသည် နေမှကမ္ဘာမြေသို့ကျရောက်လာသော လူသားများကိုအန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူပေးသည်။

ကမ္ဘာကြီးတွင် ရေထု ၇၁ ရာခိုင်နှုန်းခန့်၊ မြေထု ၂၉ ရာခိုင်နှုန်းခန့်ရှိပြီး မြေထုနှင့်ရေထုတွင် ရေခဲတောင်များ၊ ရေခဲပြင်များပါဝင်သည်။ ကမ္ဘာကို လွှမ်းခြုံထားသော အိုဇုန်းလွှာပေါက်ပြဲပျက်စီးလျှင် အလွန်ပြင်းသောနေရောင်ခြည်များ ရေခဲတောင်၊ ရေခဲပြင်များပေါ်သို့တိုက်ရိုက်ကျရောက်ပြီး အရည်ပျော်ကာ ပင်လယ်ရေထုမြင့်တက်လာမည်ဖြစ်သည်။ အကယ်၍ အိုဇုန်းလွှာက ခရမ်းလွန်ရောင်ခြည်ကို မကာကွယ်နိုင်လျှင် ကမ္ဘာမြေနှင့်သက်ရှိများ ပျက်သုဉ်းမည့်အရေး ကြုံလာနိုင်သည်။ ထို့ကြောင့် အိုဇုန်းလွှာ၏အရေးပါပုံနှင့်အကျိုးပြုပုံတို့ကို လူတို့သိရှိနားလည်ကြပြီး အိုဇုန်းလွှာမပျက်စီးရေး ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်လာသည်။

ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ၁၉၈၇ ခုနှစ်တွင် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ အိုဇုန်းလွှာထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည်။ ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "၃၅ နှစ်တာ မွန်ထရီရယ် အောင်မြင်မှုခရီး- သက်ရှိတွေကာကွယ်ဖို့ ကမ္ဘာနှင့်အဝှမ်း ပူးပေါင်းဆောင်ရွက်စို့" ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ကိုပင်ဟေဂင် ပြင်ဆင်ချက်နှင့် ၂၀၁၂ ခုနှစ် ပေကျင်းပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးပြီး ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေမည့် ဒြပ်ပစ္စည်းများ လျှော့ချရပ်ဆိုင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကလိုရိုဖလူကာဗွန်တင်သွင်းမှုကို ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့သုံး မြင်းကောင်ရေ ၂ ဒသမ ၅ အောက် လေအေးပေးစက်တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။ ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ပါ ကတိကဝတ်များအရ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများပူးပေါင်းဆောင်ရွက်မှုကြောင့် ကမ္ဘာကြီးကိုလွှမ်းခြုံထားသော အိုဇုန်းလွှာအခြေအနေမှာ တစ်နှစ်လျှင် တစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းဖြင့် အခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

စာချုပ်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် ပိုမိုကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုရှိလာသည်။ ရာသီဥတုဆိုင်ရာစိန်ခေါ်မှုများကို နိုင်ငံအများပူးပေါင်းဖြေရှင်းရန်နှင့် အနာဂတ်မျိုးဆက်သစ်များအား အသိပညာများ လက်ဆင့်ကမ်းပေးပြီး ကမ္ဘာကြီးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် အရှိန်အဟုန်မပျက် ကြိုးပမ်းကြရမည်ဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းဆိုင်ရာများတွင် လေအေးပေးစက်ကို ပိုမိုအသုံးပြုကြရာ စွမ်းအင်ချွေတာနိုင်သော အအေးဓာတ်ထိန်းညှိသည့် နည်းလမ်းများဖြင့် ပေါင်းစပ်အသုံးပြုကြခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုတို့ကို လျှော့ချနိုင်မည့်အပြင် စားနပ်ရိက္ခာဆုံးရှုံးမှုများကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။ ။


၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
စက်တင်ဘာလ ၂၇ ရက်

WORLD TOURISM DAY 2022 | RETHINKING TOURISM 27 SEPTEMBER

"RETHINKING TOURISM"
"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့"


## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သီရိရတနာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပထမဂန္ဓာရုံကျောင်းတိုက်၊ မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဂုဏ်ရည်လွင်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မဝံသ(ဓမ္မဝုန်း) ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝက်ဘာစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပြည်ကျောင်းပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အသောကာရာမကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ ပေါင်းလဲကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ဓမ္မာရုံကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရွှေမန်းကျောင်းတိုက် တို့သို့ ဆန်ကြာဆံများကို လည်းကောင်း တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့၌ ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချနိုင်ရေး အသိပညာပေး

**လက်ပံတန်း စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း၊ အပြင်၌ ယနေ့ နံနက် ၉ နာရီတွင် ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချနိုင်ရေး ဈေးရောင်း၊ ဈေးဝယ်သူများအား အသိပညာပေးခြင်းများ ပြုလုပ်သည်။

မြို့မဈေးကြီးအတွင်းသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများက ကုန်ပစ္စည်းထုပ်ပိုးရာတွင် ဈေးရောင်းသူများ၊ ဈေးဝယ်သူများအနေဖြင့် ကြွပ်ကြွပ်အိတ်များမသုံးစွဲဘဲ စက္ကူ၊ စက္ကူအိတ်၊ ငှက်ပျောရွက်၊ အင်ဖက် အစရှိသော အစားထိုးပစ္စည်းများကိုသာ သုံးစွဲရန် အသံချဲ့စက်ဖြင့် အသိပေးပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါ ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဆင့်**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | **ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့** |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အဆိုပါ ဇာတ်တော်ကြီးတင်ဆက်ကပြဖျော်ဖြေပွဲ အခမ်းအနားသို့ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**တင်ဆက်ကပြဖျော်ဖြေ**

**"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ"** ဆို ငို ပြော ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာသမားစဉ်နှင့်အညီ ဘုရားကန်တော့ခန်း၊ ဇာတ်တော်ကြီး သမားစဉ် အပျိုတော်ထွက်ခန်းနှင့် နှစ်ပါးသွားခန်းတို့ဖြင့်အစပျိုးပြီး ကပြဖျော်ဖြေသည်။ ထို့နောက် ဘုရင့်နောင်မင်းတရားကြီး ထွက်တော်မူကြီးနှင့် ခေတုကလျာ ဖွားမြင်ခန်း၊ ဝန်မင်းနှစ်ပါး ဇာတ်ပန္နက်ရိုက်ပြည်တည်ခန်း၊မင်းရဲနန္ဒမိတ်ညီလာခံခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခေတုကလျာတွေ့ဆုံခန်း၊ နတ်သျှင်နောင် ကိုယ်လုံပညာလေ့ကျင့်ခန်း၊ နတ်သျှင်နောင်မှ ရာဇခေတုကလျာအား ချစ်ခွင့်ပန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခေတုကလျာ လက်ထပ်မည့်အကြောင်းအား ပြည်သူပြည်သားများ ပြောဆိုခန်း၊ နတ်သျှင်နောင်နှင့် ရာဇခေတုကလျာ လက်ထပ်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခေတုကလျာ သစ္စာတိုင်ခန်းနှင့် ခွဲခွာခန်း၊ နတ်သျှင်နောင်မှ အယုဒ္ဓယတပ်များကို တိုက်ခိုက်ရန် ပြင်ဆင်ခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန် ဇာတ်လမ်းနိဂုံးချုပ်ခန်း၊ ငဇင်ကာ အမြောက်လက်နက် ပြုလုပ်ခန်း၊ ငဇင်ကာနှင့် အပေါင်းပါများ အစည်းအဝေးပြုလုပ်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာ တွေ့ဆုံခန်း၊ မင်းရဲနန္ဒမိတ်မှ တပ်မှူး ဗိုလ်မှူးများနှင့် တိုင်ပင်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်သို့ စစ်ချီခန်း၊ ပေါ်တူဂီတပ်များနှင့် အပေါင်းပါ တောင်ငူတပ်များအား အင်းဝတပ်များက တိုက်ခိုက်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရေး ဥမင်လိုဏ်ခေါင်း ပြုလုပ်ရန် အမိန့်ပေးခန်း၊ အင်းဝတပ်များ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရန် ဥမင်လိုဏ်ခေါင်းပြုလုပ်ခန်းနှင့် သန်လျင်မြို့ရိုး ကျိုးပေါက်ခန်း၊ မင်းရဲနန္ဒမိတ်မှ ငဇင်ကာနှင့် နတ်သျှင်နောင်အား ဖမ်းဆီးခန်း၊ ငဇင်ကာအား စစ်မေးခန်း၊ နတ်သျှင်နောင်အား တရားနှင့်အညီ စီရင်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာအား ကွပ်မျက်ခန်းနှင့် ဇာတ်သိမ်းခန်းတို့ကို အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင် ထိထိမိမိဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြဖျော်ဖြေကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း "အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြ ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။



"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ" ဆို ငို ပြော ဇာတ်တော်ကြီး ဒုတိယနေ့ ဆက်လက်တင်ဆက်ကပြဖျော်ဖြေစဉ်။

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြ ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးများက ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

## အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

## လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထား စောင့်ကြည့်နိုင်ရန်။

## အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

## အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

## အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ





**နေပြည်တော် စက်တင်ဘာ ၂၅**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ချက်အရ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ရောက်ရှိ**

အဆိုပါ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်သို့ လည်းကောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းနှင့် “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာ စာသားပါဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖

## ကလေးသူငယ် တစ်ဦးချင်းစီ၏ အကျိုးစီးပွားကို အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၅**

အတန်းပညာသင်ကြားလိုခြင်း မရှိသည့် ကလေးများကို အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးကြရန်နှင့် ကလေးသူငယ်တစ်ဦးချင်းစီ၏ အကျိုးစီးပွားကို အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လူငယ်သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများကို တိုက်တွန်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသည့် သန်လျင်လူငယ်သင်တန်းကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း(ရန်ကုန်)နှင့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ စားဝတ်နေရေးကို အဓိကထားရုံမျှမက ကလေးသူငယ်အခွင့်အရေး (၄) ရပ်ကိုလည်း ရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ပညာရေးဘက်တွင် ထူးချွန်ထက်မြက်ရန်နှင့် ကလေးများလမ်းမှားမရောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းနှင့်ကလေးသူငယ် လုံခြုံရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ထားရန် လိုကြောင်း၊ ကလေးများအနေဖြင့်လည်း ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ထူးချွန်တတ်မြောက်အောင် သင်ယူကြစေလိုကြောင်း၊ သို့မှသာ ဘဝရပ်တည်မှု အာမခံချက် ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ လူငယ်သင်တန်းကျောင်းများသို့ ရောက်ရှိစဉ် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများအား ကြည့်ရှုစောင့်ရှောက်ထားရှိမှု၊ ပညာရေးသင်ကြားမှု၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးမှု၊ နေ့စဉ်ကျွေးမွေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို မေးမြန်းဆွေးနွေးကာ သင်တန်းကျောင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့ပြင် ဒုတိယဝန်ကြီးသည် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် Care Support Clover Com.,Lit နှင့် ပူးပေါင်း၍ သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် သူနာပြုအကူနည်းပညာဝင်ခွင့်သင်တန်း(ဂျပန်) ဖွင့်လှစ်ထားမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များ၏ သားသမီးများ၊ အငြိမ်းစားတပ်ဖွဲ့ဝင်များ၏ သားသမီးများ စုစုပေါင်း ၉၈ ဦးတို့အား Artillery Gunners Foundation မှ ပညာရည်ချွန်ဆုပေးအပ်သည့်အခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က အမှတ် (၃၀၇) အမြောက်တပ်ရင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ဖောင်ဒေးရှင်းအမှုဆောင်များ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်ရှိ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့မှ တပ်မှူးများ၊ ဆုရရှိသူများ၏မိဘများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပညာရည်ချွန်ဆုများကို ဖောင်ဒေးရှင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ငြိမ်း)၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြည်ဝင်း(ငြိမ်း)နှင့် အမှုဆောင်များက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့အောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်း

**စစ်တွေ စက်တင်ဘာ ၂၅**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်ရှိ အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့အောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း ၈၉ ဦးတို့က သွေး ၈၉ လုံးကို စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**တက်ရောက်**

အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ ရဲတပ်ရင်း၊ တပ်ဖွဲ့များမှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူး၊ ရဲမှူးချုပ်ဝင်းဗိုလ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြသည်။ အလားတူ အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ်ဝင်းဗိုလ်နှင့်ဇနီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်နှင့် ကျန်းမာရေးဝန်ထမ်းများကလည်း သွေးလှူဒါန်းကြသူများကို အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

(၇၅)ကြိမ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးမှာကြား**

ရှေးဦးစွာ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပဒေသာကပွဲကို နိုင်ငံတော်အဆင့် ခမ်းနားစွာကျင်းပနိုင်ရန် စုပေါင်းညှိနှိုင်းဆောင်ရွက်သွားစေလိုကြောင်း၊ ယခုအချိန်တွင် ပဒေသာကပွဲအစီအစဉ်ရေးဆွဲရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီမှ တိုက်ရိုက်တင်ဆက်ကပြမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်း၍ လျာထားတင်ပြလာပြီဖြစ်ကြောင်း၊ အဆိုပါလျာထားအစီအစဉ်များနှင့်အညီ အတည်ပြုပေးနိုင်မှသာ ဆပ်ကော်မတီအလိုက် ဆက်လက်လုပ်ဆောင်ရမည့်ကဏ္ဍများကို လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ၏ အတည်ပြုလျာထားချက်များကို ဗဟိုကော်မတီသို့တင်ပြ၍ အတည်ပြုချက်ယူပြီး ကြိုတင်ပြင်ဆင်ရေးနှင့် ဇာတ်တိုက်လေ့ကျင့်မှုတို့ကို ဆောင်ရွက်သွားမည်ဖြစ်ရာ အစီအစဉ်လျာထားချက်များကို ဆွေးနွေးအကြံပြုစေလိုကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်မှတာဝန်ရှိသူများနှင့် အတွေ့အကြုံရှိသော အနုပညာရှင်များ ပူးပေါင်းစီစဉ်ဆောင်ရွက်မည်ဖြစ်ရာ အောင်မြင်ပြီးမြောက်ရန် ဆွေးနွေးညှိနှိုင်းလုပ်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးမှာကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီဝင်၊ ပဒေသာကပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများက ပဒေသာကပွဲနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းနေကြာသီးနှံစိုက်ခင်းများ လျာထားကေပြည့်မီရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံ

**ကန်ကြီးထောင့် စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျိုက်လတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို က တောင်သူများ ဆန်စပါးဝမ်းစာဖူလုံစေရုံသာမက စားသုံးဆီလုံလောက်စွာစားသုံးနိုင်ရေး နေကြာစိုက်ပျိုးမှုမှတစ်ဆင့် ရရှိအကျိုးကျေးဇူးများနှင့် ဆီထွက်သီးနှံစိုက်ပျိုးကြရေး တောင်သူများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ခရိုင်/မြို့နယ် စိုက်ပျိုးတိုးတက်မှုမြင့်မားရေးအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသူ ဒေသခံတောင်သူများ၏ မေးမြန်းချက်များအား တာဝန်ရှိသူများက ရှင်းလင်းခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။



ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ ဆီထွက်သီးနှံ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ငွေကြေးဆီစက်မှ ဆောင်းနေကြာသီးနှံစိုက်ပျိုးမည့် ဒေသခံတောင်သူများအား တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း ထောက်ပံ့၍ အကျိုးတူ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ တစ်မြို့နယ်လုံး ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးခြင်းကို စုစုပေါင်း ၁၅၈၆ ဧက လျာထားစိုက်ပျိုးဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၆၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ်၄၆၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# အမျိုးသားအကျိုးစီးပွားနှင့် မြန်မာ – ရုရှားဆက်ဆံရေး

ဇင်ငြိမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စက်တင်ဘာလ ၄ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့သလို မြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့် သဘောတူညီမှုများကိုလည်း လက်မှတ်ရေးထိုးခဲ့သည်ကို တွေ့ရသည်။

**မြန်မာ့ပထဝီနိုင်ငံရေး**

မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးမှာ အနောက်အုပ်စု အထူးသဖြင့် အမေရိကန်နိုင်ငံအတွက် အထူးစိတ်ဝင်စားစရာဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် စီးပွားရေးတွင် အမေရိကန်နိုင်ငံနှင့် ပခုံးချင်းယှဉ်လျက်ရှိပြီး စစ်ရေးစွမ်းအားမှာ ကမ္ဘာ၌ တတိယအဆင့်တွင် ရှိနေပါသည်။ ထို့အတူ အိန္ဒိယနိုင်ငံသည် စီးပွားရေးမှာ ကမ္ဘာ၌ ပဉ္စမအကြီးဆုံးဖြစ်ပြီး စစ်ရေးစွမ်းအားတွင် စတုတ္ထအဆင့်ရှိနေပါသည်။

အမေရိကန်အနေဖြင့် ထိုကဲ့သို့ ကမ္ဘာ့ထိပ်တန်းစီးပွားရေးနှင့် စစ်ရေးပိုင်ဆိုင်နေသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို ထိန်းချုပ်ရန်ဆိုပါက မြန်မာနိုင်ငံသည် အချက်အချာနေရာတွင် ရှိနေပါသည်။ သို့ဖြစ်ရာ အမေရိကန်အတွက် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါနေသဖြင့် မြန်မာနိုင်ငံအပေါ်လွှမ်းမိုးရန် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါသည်။ အလားတူ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် စီးပွားရေး၊ စစ်ရေးမဟာဗျူဟာပထဝီအနေအထားအရ အရေးပါလျက်ရှိနေပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြစဉ်။

မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်လာသော ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ပြိုင်ဘက်ဟောင်းများဖြစ်ကြသကဲ့သို့ ယနေ့ထက်တိုင်လည်း အပြင်းအထန်ယှဉ်ပြိုင်နေကြဆဲဖြစ်ပါသည်။ အထူးသဖြင့် စစ်ရေးစွမ်းအားတွင် အမေရိကန်သည် နံပါတ်တစ်ဖြစ်ပြီး ရုရှားသည် နံပါတ်နှစ်အဆင့်ဖြစ်ပါသည်။ စီးပွားရေးအရ ရုရှားနိုင်ငံသည် ကမ္ဘာ့အဆင့် ၁၁ တွင် ရှိနေပါသည်။ အမေရိကန်အနေဖြင့် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိရာ ကမ္ဘာ့နိုင်ငံရေးတွင် တင်းမာမှုများ ဆက်တိုက်ဖြစ်ပေါ်နေပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ပထဝီနိုင်ငံရေးအရ ဆက်စပ်မှုနည်းပါးသော်လည်း အမေရိကန်နိုင်ငံ၏ အာရှဗဟိုပြုမူဝါဒအရ အာရှနိုင်ငံများအပေါ် လွှမ်းမိုးရန်ကြိုးပမ်းနေခြင်း၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံကို ထိန်းချုပ်ရန်ကြိုးပမ်းနေခြင်းကြောင့် ရုရှားနိုင်ငံအတွက် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးသည် အရေးပါသောဆက်ဆံရေးတစ်ရပ်ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ဆက်ဆံရေးတွင် ပထဝီနိုင်ငံရေးအရ အရေးပါသောနေရာ၌ ရှိနေပါသည်။

**မြန်မာနိုင်ငံအပေါ်တိုးမြှင့်လာသော စွက်ဖက်မှုများနှင့် ဖိအားများ**

အမေရိကန်နှင့် အနောက်အုပ်စုသည် မြန်မာ့နိုင်ငံရေးအပါအဝင် ပြည်တွင်းရေးများတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက်၍ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးရန် ကြိုးပမ်းလျက်ရှိကြပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း စီးပွားရေးပိတ်ဆို့မှုများနှင့် ဖိအားပေးမှုများလုပ်ဆောင်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီမိုကရေစီအသွင်ကူးပြောင်းမှု နောက်ပိုင်းတွင် ဖြေလျှော့မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက်တွင် အသွင်ကူးပြောင်းရေး ပထမအစိုးရသက်တမ်းငါးနှစ်အတွင်း အမေရိကန်အပါအဝင် အနောက်အုပ်စုနှင့်သာမက အခြားနိုင်ငံများနှင့်ဆက်ဆံရေး တိုးမြှင့်လာခဲ့ပြီး ဆက်ဆံရေးများ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

သို့သော်လည်း အမေရိကန်နှင့် အနောက်အုပ်စုသည် မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုအပေါ် စိတ်ဝင်စားသည်ထက် မြန်မာနိုင်ငံအပေါ် ၎င်းတို့ လွှမ်းမိုးနိုင်ရေးကိုသာ အဓိကရည်ရွယ်ခဲ့သည်ကို ၂၀၁၅ ရွေးကောက်ပွဲနှင့် နောက်ပိုင်းတွင် ပိုမိုတွေ့မြင်လာခဲ့ရသည်။ ဘင်္ဂါလီများအရေးတွင် ကြိုးကိုင်ဖိအားပေးခြင်း၊ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ရွေးကောက်ပွဲတွင် နောက်ကွယ်မှ ပံ့ပိုးကူညီခြင်းကဲ့သို့သော လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံ၌ ၎င်းတို့အလိုကျ အစိုးရတစ်ရပ် ဖြစ်ပေါ်လာရေး ရည်မှန်းချက်ဖြစ်ပါသည်။ ယင်းသို့သော စွက်ဖက်မှုများကြောင့် အောင်အောင်မြင်မြင် စတင်ခြေလှမ်းနေသည့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကို အထောက်အကူမပြုစေဘဲ လမ်းကြောင်းလွဲစေခဲ့သည့် အကြောင်းရင်းတစ်ချက်ဟု ဆိုနိုင်ပါသည်။

၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် အမေရိကန်နှင့် အနောက်အုပ်စုသည် နိုင်ငံအလိုက်သာမကဘဲ ကုလသမဂ္ဂ၊ အာဆီယံ၊ လူ့အခွင့်အရေး၊ ICJ ကဲ့သို့သောအဖွဲ့အစည်းများမှတစ်ဆင့် ဖိအားအမျိုးမျိုးပေး၍ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးရန်ကြိုးပမ်းနေကြပါသည်။ ယင်းသို့သော ဖိအားများသည် တစ်ဖက်တွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးကို တစ်မျိုးတစ်ဖုံ အကျိုးသက်ရောက်စေခဲ့ပါသည်။

**မြန်မာ – ရုရှားဆက်ဆံရေး**

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့က စတင်ထူထောင်ခဲ့သော မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံဆက်ဆံရေးသည် ယခုအခါ နှစ်ပေါင်း ၇၄ နှစ်ကျော် ရှိပြီဖြစ်သည်။ နှစ်ကာလကြာရှည်၍ ခိုင်မာသော ဆက်ဆံရေးဟုလည်း ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် နယ်မြေဒေသအားဖြင့် နီးစပ်သည့်နိုင်ငံများ မဟုတ်ကြချေ။ နှစ်နိုင်ငံသည် အဖြောင့်အတိုင်းအကွာအဝေးအားဖြင့် မိုင်ပေါင်းလေးထောင်ကျော် ကွာဝေးပါသည်။ ဆက်သွယ်ရေးစနစ်နှင့် သယ်ယူပို့ဆောင်ရေးစနစ်များ တိုးတက်မြင့်မားနေသော ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ထိုအကွာအဝေးသည် အလှမ်းကွာဝေးသည်ဟု မဆိုနိုင်ချေ။ နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ယနေ့ထက်တိုင် ခိုင်မြဲလျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးသည် ယခင်က စစ်ဘက်ရေးရာ ဆက်ဆံမှုနည်းခဲ့သော်လည်း နောက်ပိုင်းတွင် ကဏ္ဍအားလုံး ဆက်ဆံရေးအသွင်ဖြင့် တိုးမြှင့်လာသည်ကို တွေ့ရပါသည်။

၁၉၅၀ ပြည့်နှစ်လွန်ကာလများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်သည့် ခရီးစဉ်များရှိခဲ့ပြီး ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ကူညီခဲ့သည့်သာဓကများလည်း ရှိခဲ့ပါသည်။ စစ်အေးခေတ်လွန်ကာလများတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးအေးခဲခဲ့သော်လည်း နောက်ပိုင်းတွင် ဆက်ဆံရေးများ ယခင်ကထက် တိုးမြှင့်လာခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် အမေရိကန်နှင့် အနောက်အုပ်စုက မြန်မာနိုင်ငံအရေး ဝင်ရောက်စွက်ဖက်လာပြီး စီးပွားရေးအပါအဝင် ပိတ်ဆို့မှုများ ချမှတ်ကျင့်သုံးလာချိန်တွင် မြန်မာ–ရုရှားဆက်ဆံရေး ပိုမိုတိုးမြှင့်လာခဲ့သည်။ ထို့ပြင် စက်တင်ဘာလ ၄ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်တွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

**ရန်သူမရှိ မိတ်ဆွေမရှိ**

နိုင်ငံတကာဆက်ဆံရေးတွင် ရန်သူမရှိ မိတ်ဆွေမရှိဆိုသည့်စကားသည် လက်တွေ့ကျသည့်ကျင့်စဉ်တစ်ရပ်ဖြစ်သည်။ တစ်ချိန်က အမေရိကန်နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသော ဂျပန်၊ ကမ္ဘောဒီးယားကဲ့သို့သော နိုင်ငံများသည် ယနေ့အခါ အမေရိကန်နိုင်ငံ၏ မိတ်ဆွေရင်းခြာနိုင်ငံများဖြစ်နေကြပါသည်။ အမျိုးသားအကျိုးစီးပွားအတွက်၊ ကိုယ့်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့်နိုင်ငံနှင့် ဆက်ဆံခြင်းသည် ကမ္ဘာ့နိုင်ငံရေးတွင် ထူးဆန်းသည့်ဖြစ်စဉ်မဟုတ်ပါ။ မြန်မာ့နိုင်ငံခြားရေးမူဝါဒသည် ပထဝီနိုင်ငံရေးအခြေအနေအရ ကြားနေနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်ဆိုသော်လည်း လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးပြိုင်ဆိုင်မှုတွင် ကိုယ့်နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအတွက်မူ လိုက်လျောညီထွေဆက်ဆံကြရမည် ဖြစ်သည်။

ကမ္ဘာတစ်ဝန်း အမျိုးသားအကျိုးစီးပွားကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အကောင်အထည်ဖော်နေကြချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း ကိုယ့်နိုင်ငံအကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေးကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများက အင်အားနည်းနိုင်ငံများကို အသုံးချ၍ ကိုယ်ကျိုးစီးပွားရှာနေကြချိန်တွင် နိုင်ငံငယ်များအတွက် နိုင်ငံအကျိုးစီးပွားကာကွယ်ရေးမှာ ပိုမိုအရေးကြီးသည့်အချိန် ဖြစ်လာနေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေးအတွက် ရန်သူမရှိ မိတ်ဆွေမရှိဘဲ နိုင်ငံတကာဆက်ဆံရေးကို အကောင်အထည်ဖော်ရမည်သာဖြစ်သည်။ သို့ဖြစ်၍လည်း သူအကျိုးရှိ၊ ကိုယ်အကျိုးရှိစေမည့် မြန်မာ–ရုရှားဆက်ဆံရေးကို ယခင်ကထက် ပိုမိုမြှင့်တင်လာခြင်းဟု ယူဆရပါသည်။

စာမျက်နှာ ၇ သို့ ❐

> “၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့က စတင်ထူထောင်ခဲ့သော မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံဆက်ဆံရေးသည် ယခုအခါ နှစ်ပေါင်း ၇၄ နှစ်ကျော် ရှိပြီဖြစ်သည်။ နှစ်ကာလကြာရှည်၍ ခိုင်မာသော ဆက်ဆံရေးဟုလည်း ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် နယ်မြေဒေသအားဖြင့် နီးစပ်သည့်နိုင်ငံများ မဟုတ်ကြချေ။ နှစ်နိုင်ငံသည် အဖြောင့်အတိုင်းအကွာအဝေးအားဖြင့် မိုင်ပေါင်းလေးထောင်ကျော် ကွာဝေးပါသည်။ ဆက်သွယ်ရေးစနစ်နှင့် သယ်ယူပို့ဆောင်ရေးစနစ်များ တိုးတက်မြင့်မားနေသော ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ထိုအကွာအဝေးသည် အလှမ်းကွာဝေးသည်ဟု မဆိုနိုင်ချေ။ နှစ်နိုင်ငံအကြားဆက်ဆံရေးသည် ယနေ့ထက်တိုင် ခိုင်မြဲလျက်ရှိ”

## ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး မျက်နှာတော်သစ်၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဌာနဆိုင်ရာပေါင်းစုံစုပေါင်း၍ သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူ



**နေပြည်တော် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး မျက်နှာတော်သစ်၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဌာနဆိုင်ရာပေါင်းစုံစုပေါင်း၍ ဝါတွင်းကာလ သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ဆက်ကပ်ပူဇော်ကြသည်။ ထို့နောက် ဘုရားကြီးအား မျက်နှာတော်သစ်ရေသပ္ပာယ်ခြင်းနှင့် ရွှေသင်္ကန်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၁ ကျောင်းမှ သံဃာတော် အပါး ၁၉၀ နှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၃ ပါးတို့ကို ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြောင်းမြမြို့၌ ဆောင်းရာသီနေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်း ဖွင့်လှစ်

**မြောင်းမြ စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ စိုက်ပျိုးရေးဦးစီးဌာနမှဖွင့်လှစ်သည့် စိုက်ပျိုးပညာပေးဝန်ထမ်းများအား ဆောင်းရာသီနေကြာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို ယနေ့ နံနက် ၉ နာရီက မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်း၌ ပထမပိုင်းတွင် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြီး မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းစိန်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယခုသင်တန်းတွင် နေကြာသီးနှံနှင့်ပတ်သက်၍ မျိုးစေ့ထုတ်လုပ်ခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း နည်းပညာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ဒုတိယပိုင်းအနေဖြင့် သင်တန်းကို သင်တန်းနည်းပြငါးဦးက ဆက်လက်သင်ကြားပို့ချရာ စပ်မျိုးနေကြာ (F1) မျိုးစေ့ထုတ်လုပ်ခြင်းနှင့် OPV နေကြာမျိုးစေ့ထုတ်လုပ်ခြင်း၊ နေကြာသီးနှံစိုက်ပျိုးနည်းစနစ်များနှင့် အပင်ပြုစုစောင့်ရှောက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် မျိုးကွဲနုတ်ပယ်ခြင်း၊ အင်းဆက်ဖျက်ပိုးများနှင့် ဘက်စုံကာကွယ်နှိမ်နင်းနည်း၊ ကျရောက်တတ်သောရောဂါများနှင့် ဘက်စုံကာကွယ်နှိမ်နင်းနည်း၊ ဓာတ်မြေဩဇာအသုံးပြုအခြေအနေ စသည့်ခေါင်းစဉ်များဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းစုစုပေါင်း ၇၂ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ အင်းစိန်ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်တို့က စုပေါင်းသွေးလှူဒါန်းကြရာ အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ငြိမ်းချမ်းအောင်နှင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်း၊ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန့်ဇင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ ဥက္ကာဟိန်း



(၅၈)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီခွဲက တလန်လိုရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းတွင် ဖလမ်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးနိုင် ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်နှင့် မြို့မရဲစခန်းမှ အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်စုစုပေါင်းအင်အား ၅၀ တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)



## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် စက်တင်ဘာ ၂၅**

စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီ ၃၂ မိနစ် ၄၉ စက္ကန့်တွင် ငွေမြေငလျင်စခန်းမှ မြောက်ဘက် ၄၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သံတွဲမြို့၏ တောင်-အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၈ ဒသမ ၂၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ **ကြေးမုံ**

❐ စာမျက်နှာ ၆ မှ

မြန်မာ - ရုရှားဆက်ဆံရေးသည် ယနေ့မှ ဖြစ်လာသည့် နှစ်နိုင်ငံဆက်ဆံရေးမဟုတ်ဘဲ နှစ်ကာလကြာရှည်စွာခိုင်မြဲနေသည့် ဆက်ဆံရေးဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဖိအားများနှင့် အကျပ်အတည်းများ ရင်ဆိုင်ရသည့်အချိန်တိုင်းတွင် ရုရှားနိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခဲ့ပါသည်။ ယင်းသို့ ရပ်တည်ပေးမှုသည် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးပြုမှုဟု ဆိုရပါမည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ ပြင်ပ၏ဖိအားများ ရင်ဆိုင်နေရချိန်တွင် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်လိုက်ခြင်းကြောင့် သူ့အကျိုး၊ ကိုယ့်အကျိုးဖြစ်စေမည့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါသည်။

**အမျိုးသားအကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေး**

အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတစ်နိုင်ငံအတွက် အဓိကဦးတည်ချက်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံအတွက် အခြေခံအကျဆုံးလုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် နိုင်ငံတိုင်းသည် အမျိုးသားအကျိုးစီးပွားကာကွယ်ရေး၊ အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးအတွက် ဦးတည်လုပ်ဆောင်နေကြသည်ကို တွေ့ရပါသည်။

အမျိုးသားအကျိုးစီးပွားသည် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားတစ်ဦးချင်း အရေးကိစ္စမှ တစ်မျိုးသားလုံး၏ အရေးကိစ္စအထိ ကျယ်ပြန့်စွာပါဝင်ပါသည်။ နိုင်ငံသားများ ကောင်းကျိုး၊ တစ်မျိုးသားလုံးကောင်းကျိုးကို ထိန်းသိမ်းကာကွယ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ မြှင့်တင်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ကြသည်ကို တွေ့ရပါသည်။ ကမ္ဘာတွင် နိုင်ငံများအလိုက် အမျိုးသားအကျိုးစီးပွား ဖော်ဆောင်ကြရင်း ထိပ်တိုက်ရင်ဆိုင်မှုများ၊ ပဋိပက္ခများ၊ တင်းမာမှုများနှင့် တိုက်ခိုက်မှုများ ဖြစ်ပွားနေကြပါသည်။

စစ်အေးခေတ်လွန် ပြိုင်ဘက်ကင်းဖြစ်လာသည့် အမေရိကန်နိုင်ငံသည် ကမ္ဘာ့အင်အားအကြီးမားဆုံးဖြစ်လာပြီးနောက်ပိုင်း ၎င်း၏အကျိုးစီးပွားများ ကာကွယ်ရေးနှင့် အကောင်အထည်ဖော်ရေးအတွက် အင်အားကြီးလာသည့် တရုတ်၊ ရုရှားတို့နှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားနေပါသည်။ အမေရိကန်သမ္မတဟောင်း ထရမ့်လက်ထက်က အမေရိကန်၏အကျိုးစီးပွားသည်သာ ပထမဟု ကြွေးကြော်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အမေရိကန်၏ ရည်ရွယ်ချက်များကို သိသာနိုင်ပါသည်။

အလားတူ အခြားနိုင်ငံများသည်လည်း ကိုယ့်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိပ်တန်းတင်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပြောင်းလဲနေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေနှင့်အညီ အမျိုးသားအကျိုးစီးပွားအတွက် လိုက်လျောညီထွေ ပြောင်းလဲကျင့်သုံးရမည်သာဖြစ်ပေသည်။

**ထိရောက်စွာအသုံးချ**

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် တရုတ်၊ အိန္ဒိယ၊ အမေရိကန်နှင့် ရုရှား အင်အားကြီးနိုင်ငံလေးနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးအကြားတွင် ရောက်ရှိနေပါသည်။ အထူးသဖြင့် တရုတ်၊ ရုရှား၊ အမေရိကန်ဆက်ဆံရေးအကြားတွင် အမျိုးသားအကျိုးစီးပွားအတွက် ကျွမ်းကျင်စွာအသုံးချမှသာ အကျိုးရရှိမည်ဖြစ်သည်။

လက်ရှိကာလတွင် အမေရိကန်နိုင်ငံသည် တရုတ်၊ ရုရှားတို့နှင့် တင်းမာမှုများရှိနေသောအချိန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအပေါ် အမေရိကန်၏ အမျိုးမျိုးဖိအားပေးမှုများလည်း ရှိနေချိန်ဖြစ်ပါသည်။ ထိုသို့သောအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးကို ဟန်ချက်ညီထိရောက်စွာအသုံးချခြင်းဖြင့် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၁၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**ပင်းတယ စက်တင်ဘာ ၂၅**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသအတွင်း ဘုန်းတော်ကြီး ကျောင်းများ၌ ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်းဆန် တော် အခက်အခဲမရှိစေရေးနှင့် အခြားဘာသာရေးကျောင်းများ တွင်လည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် စားသောက်ရေး ကိစ္စများ အဆင်ပြေစေရေး အတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ဆက်ကပ် လှူဒါန်းလျက်ရှိသည်။



ထိုသို့ ဆက်ကပ်လှူဒါန်းလျက် ရှိရာ ပင်းတယမြို့နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဌေး အောင်ဦးစီး၍ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရှိ အောင်ခြင်းဘုန်းတော်ကြီး ကျောင်းတိုက်၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို သွား ရောက် ဆက်ကပ်လှူဒါန်းခဲ့ပြီး အခြား ဘုန်းတော်ကြီးကျောင်း များနှင့် အခြားဘာသာရေး ကျောင်းများသို့လည်း ဆက်ကပ် လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်မြို့ နေခြည်ဈေးအတွင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ်သတ်မှတ်၍ အသိပညာပေး

**မြန်အောင် စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးများတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့အဖြစ် သတ်မှတ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်က မြန်အောင်မြို့ နေခြည်ဈေး အတွင်း၊ အပြင် ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်အိတ် မသုံးစွဲရေး အသိပညာပေးစစ်ဆေးခြင်းများဆောင်ရွက်၍ ပါးစပ်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအတွက် မြန်အောင်ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကော်မတီဝင် များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ အသားငါးများနှင့်ဟင်းသီးဟင်းရွက်များစသည့် အသုံးဆောင်ပစ္စည်း များကို ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောရွက်၊ စက္ကူများ၊ စသည့်ပစ္စည်းများဖြင့် အစားထိုးသုံးစွဲရောင်းချနေမှုကို ဈေးအတွင်း လိုက်လံကြည့်ရှု၍ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေးခြင်း များ ဆောင်ရွက်ပြီး ဈေးရောင်းဈေးဝယ်ပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဧယျာဝတီရိုင်ရဲတပ်ဖွဲ့မှ ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးမောင်မောင်ဦး၊ ဒုတိယ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနိုင်၊ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇေယျာလင်း၊ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်တို့ ဦးစီးသောအဖွဲ့သည် စက်တင်ဘာ ၂၅ ရက်တွင် ပုဗ္ဗသီရိမြို့နယ် ခုတင်(၃၀၀) ပြည်သူ့ဆေးရုံ (အငြိမ်းစား)၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။

**မြို့နယ်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၀၇၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၁၃၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၄၆၅၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ကျုံပျော်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

### ကာကွယ်ဆေးထိုးနှံ

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက် ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၄၉၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ် ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကိုပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန် တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ကန်ကြီး ထောင့်မြို့နှင့် သာပေါင်းမြို့၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ငါးမြို့နယ်နှင့် မကွေးတိုင်းဒေသ ကြီး နတ်မောက်မြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေး များ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတ အဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ် ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံ ပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်း ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကျင်းပ



**မုံရွာ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT (၈/၂၀၂၂) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မုံရွာပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်းရှိ ပဋ္ဌာဗလဘက်စုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာပညာရေးဒီဂရီကောလိပ်မှ သင်တန်းသူများက "မင်္ဂလာပါ" သီချင်းဖြင့် ကပြဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် ကျောင်းသားအရေအတွက်နှင့် ဆရာအင်အား အချိုးညီစေရန်အတွက် ဆရာများလေ့ကျင့်မွေးထုတ်ရေး၊ တိုးချဲ့ခန့်ထားရေး၊ ဆရာ ဆရာမများ၏ လူမှုဘဝအဆင့်အတန်းမြင့်မားရေးတို့အတွက် အစီအမံများချမှတ်၍ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

သင်တန်းကာလအတွင်း သင်တန်းသား သင်တန်းသူများအနေဖြင့် အကျင့်စာရိတ္တ မြင့်မားပြီး လက်တွေ့လူမှုဘဝတွင် ထူးချွန်ထက်မြက်သော သင်ကြားမှု အရည်အသွေးမြင့်မားသည့် ဆရာကောင်း၊ ဆရာမွန်များဖြစ်လာစေရန်အတွက် ပညာရေးဘာသာရပ်များ၊ ဘာသာရပ်အသီးသီး၏ သင်ပြနည်းများ၊ ကာယပညာ၊ အနုပညာ၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ အိမ်တွင်းမှုစသည့် ဘက်စုံပညာများကို စာတွေ့ လက်တွေ့ လေ့ကျင့်သင်ယူကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကလည်း မိမိတို့တာဝန်ကျရာနေရာဒေသအသီးသီး၏ လူ့အဖွဲ့အစည်းများတွင် သင်ကြားရေးသာမကဘဲ ဒေသဖွံ့ဖြိုးရေးအတွက်ပါ ဦးဆောင်နိုင်သူများဖြစ်ရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးထံ ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းမင်းသိမ့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်ပြီး မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "ပန်းကလေးများရဲ့ ဥယျာဉ်မှူး" အကဖြင့်လည်းကောင်း၊ "နှလုံးသားကို အလှဆင်ပါ" သီချင်းဖြင့်လည်းကောင်း၊ "ထာဝရမြန်မာ" အကများဖြင့်လည်းကောင်း ပြန်လည်ဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါမုံရွာပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT (၈/၂၀၂၂)သင်တန်းသို့ သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ ၃၅၀ စုစုပေါင်း ၃၆၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တရှစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မိုင်းယောင်း၌ သီတင်းကျွတ်ပွဲတော်အတွက် ဆင်ရုပ်၊ မြင်းရုပ်၊ ငှက်ရုပ်များပြုလုပ်၍ ရိုးရာဓလေ့နှင့်အညီ ပူဇော်လှူဒါန်းရန် ကြိုတင်ပြင်ဆင်

**မိုင်းယောင်း စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ကောင်းမှုကုသိုလ်အတွက် ဆင်ရုပ်၊ မြင်းရုပ်၊ ငှက်ရုပ်များပြုလုပ်၍ ရိုးရာဓလေ့နှင့်အညီ ပူဇော်လှူဒါန်းရန် ကြိုတင်ပြင်ဆင်နေကြောင်း သိရသည်။

**တန်ဖိုးထားဆင်နွှဲလျက်ရှိ**

မိုင်းယောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်ပွဲတော်ကို တစ်နှစ်လျှင်တစ်ရွာ ကျေးရွာဘုန်းကြီးကျောင်း၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဘဝသံသရာအတွက် ကောင်းမှုကုသိုလ်အဖြစ်ရည်စူး၍ ဆင်ရုပ်၊ မြင်းရုပ်၊ ငှက်ရုပ်နှင့် အခြားအရုပ်များကို မိမိတို့စိတ်ကြိုက် ပုံဖော်ဖန်တီးပြီး ယင်းအရုပ်များပေါ်တွင် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆင်ယင်လှူဒါန်းခြင်း၊ ရွှေအိုးငွေအိုးများ လှူဒါန်းခြင်းတို့အပြင် စက်ဘီး၊ ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ သုံးဘီးဆိုင်ကယ်၊ ပန်ကာ၊ အဝတ်လျှော်စက်၊ အပ်ချုပ်စက်၊ လက်ကိုင်ဖုန်းနှင့် အခြား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် သီတင်းကျွတ်ပွဲတော်တွင် စုပေါင်းလှူဒါန်းသည့် ဓလေ့အစဉ်အလာကို ယနေ့အထိ ဂုဏ်ယူမြတ်နိုး တန်ဖိုးထားဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# ဒက္ခိဏသီရိမြို့နယ်၌ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးခရိုင်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ Dagon International Limited မှ အကောင်အထည်ဖော် မွေးမြူမည့် ငါးမွေးကန်အတွင်း ထည့်သွင်းမွေးမြူနိုင်ရန်အတွက် ငါးမြစ်ချင်းငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက Dagon International Limited ရှင်းလင်းဆောင်တွင်ကျင်းပရာ နေပြည်တော်ကောင်စီဝင်အဖွဲ့ဝင်(၃) ဦးမြင့်စိုးက တက်ရောက်အမှာစကားပြောကြားသည်။

**ပြောကြား**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက နေပြည်တော်ကောင်စီနယ်မြေအား ဘက်စုံဖွံ့ဖြိုးရေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ လူထုအသိပညာပေးလုပ်ငန်းများအား ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ ရေရှည်ရေး၊ မျိုးကောင်းမျိုးသန့်များ ခေတ်မီနည်းစနစ်ဖြင့် မွေးမြူနိုင်ရေး၊ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ရေး၊ အရည်အသွေးမြင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် ငါးလုပ်ငန်းရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေးတို့အား လမ်းညွှန်ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးက ငါးသားပေါက်ပေးအပ်ရခြင်းအား ရှင်းလင်းပြောကြားခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့က နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၃၀၀၀၀ ကို Dagon International Limited သို့ ထောက်ပံ့ပေးအပ်ရာ ဒါရိုက်တာ ဦးသက်တင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်အဖွဲ့သည် ငါးမွေးကန်အား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရခိုင်ပြည်နယ်၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း အကောင်အထည်ဖော်ရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**စစ်တွေ စက်တင်ဘာ ၂၅**

ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက်က ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်/ခရိုင်/ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများမှ အရာထမ်း၊ အမှုထမ်း ၂၆ ဦးတက်ရောက်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)၌ ဖွင့်လှစ်ခဲ့သော သင်တန်းဆင်း ဝန်ထမ်းများက နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

## ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



**ပန်းတောင်း စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အရှိန်အဟုန်မြှင့် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာတောင်ပိုင်းရပ်ကွက် စည်ပင်သာယာဈေးရှေ့၌ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ်၊ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီး ခြောက်လနှင့်အထက်ရှိသူ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း၊ ပြည်သူများအား နေ့စဉ်ဆေးထိုးစုရပ်အလိုက် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**သင်းသင်းအေး(ပြန်/ဆက်)**

## ဖြူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ဖြူး စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရေး အတွက် ကာကွယ်ဆေးများကို မြို့နယ်ကျန်းမာရေးဌာနမှ ဖြူးမြို့၊ ကညွတ်ကွင်းမြို့၊ ဇေယျာဝတီမြို့နှင့် ညောင်ပင်သာတို့တွင် ထိုးနှံပေးလျက်ရှိသည်။ ကျေးရွာဒေသများမှ လာရောက်ထိုးနှံသူများ အခက်အခဲ မရှိစေရေးအတွက် ဝဲကြီးကျေးရွာ တိုက်နယ်ဆေးရုံတွင်စုရပ်ထား၍ ဆက်လက်ထိုးနှံပေးခဲ့ရာ ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါကျေးရွာ တိုက်နယ်ဆေးရုံတွင်စုရပ်ထား၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးလှမိုးသိန်းနှင့် အဖွဲ့ဝင်များက ဝဲကြီးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ အသက်(၁၂)နှစ်မှ အသက်(၁၈)နှစ်နှင့်အထက် ပြည်သူ ၃၀၀ ကျော်ခန့်အား ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သတင်းစာဆရာအသင်းက ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျောက်တန်း မြို့မဈေးရှေ့နှင့် ရေလယ်ဘုရားဖူးလာပြည်သူများသို့ နှာခေါင်းစည်းများနှင့် အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဝေငှခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်း ဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးထွန်းရင်၊ ကျောက်တန်းမြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဝင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ သော်ကရတနာလူမှုကူညီရေးအဖွဲ့ဝင်များ၊ အလယ်ပိုင်းရပ်ကွက် လူမှုကူညီရေးအဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။ **တင်ဝင်းတင်**



## လှဟယ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ

**လှဟယ် စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လှဟယ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီတွင် လှဟယ်မြို့ ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထိုးနှံပေးရာတွင် ဌာနဆိုင်ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်မှ ပြည်သူများ၊ လှဟယ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ အသက်(၁၈)နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးရာ ယနေ့အထိ စုစုပေါင်း လူဦးရေ ၃၃၈၀ ကို ထိုးနှံပေးပြီးဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

## လယ်ဝေးမြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆက်လက်ဆောင်ရွက်

**လယ်ဝေး စက်တင်ဘာ ၂၅**

ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ပြည်သူများ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် သာဝတ္တိကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများပါဝင်သည့် အဖွဲ့သည် ယနေ့နံနက် ၇ နာရီက သာဝတ္တိဈေးအနီးနှင့် လူစည်ကားရာနေရာများတွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် ဈေးရောင်းဈေးဝယ်များအား နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်ရာတွင် ပြည်သူများအား နှာခေါင်းစည်း ၅၀၀ ဖြန့်ဝေပေးခဲ့ပြီး ကူးစက်မြန် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါသည် ပြည်တွင်းကူးစက်မှု ပြန်လည်ဖြစ်ပွားလာပြီဖြစ်သဖြင့် ကာကွယ်ထိန်းချုပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာကြရန်၊ ပြည်သူများ အိမ်အပြင်ထွက်ပါက မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်သွားလာရန်၊ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံနိုင်ရေး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ငါးသလောက်ငါးမျိုး တည်တံ့ရေး ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပေး

ဆန်းဝင်း(ငါးဦးစီး)

မြန်မာလူမျိုးများ နှစ်သက်ခုံမင်ကြသည့် ငါးသလောက်သည် ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၁ နိုင်ငံ၌ ဖမ်းဆီးရမိပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ သုံးနိုင်ငံမှာပင် အဓိကဖမ်းဆီးရမိကာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အီရန်၊ အီရတ်၊ ကူဝိတ်၊ ဘာရိန်း စသည့်နိုင်ငံများတွင်လည်း တွေ့ရှိပါသည်။

ငါးသလောက်သည် ရေငန်မှာနေသည့် ငါးမျိုးစိတ်ဖြစ်ပြီး သားပေါက်ရန်အတွက် ရေချိုကို ပြန်လာကြသည့် Anadromous fish မျိုးစိတ်များဖြစ်ကြပါသည်။ သက်တမ်းတစ်နှစ်နှင့် နှစ်နှစ်တွင် အရွယ်ရောက်ကြပြီး ရေချိုမြစ်အတွင်း ဥချသားပေါက်လေ့ရှိပါသည်။ သားပေါက်များသည် ငါးလ၊ ခြောက်လသားအရွယ်တွင် ရေချို၊ ရေငန်စပ်နှင့် ပင်လယ်ပြင်ကို ပြန်လေ့ရှိကြပါသည်။

ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှု၏ ၆၅ ရာခိုင်နှုန်း (ယခု ၈၆ ရာခိုင်နှုန်း)ကို ဘင်္ဂလားဒေ့ရှ်က ဖမ်းဆီးထုတ်လုပ်ပြီး အိန္ဒိယတွင် ၂၅ ရာခိုင်နှုန်း (ယခု ၁၀ ရာခိုင်နှုန်း)၊ မြန်မာနိုင်ငံတွင် သုံး ရာခိုင်နှုန်းနှင့်ကျန်သည့်နိုင်ငံများတွင် အနည်းငယ် ဖမ်းဆီးရမိကြပါသည်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်၏ ငါးသလောက်ထုတ်လုပ်မှုသည် ၆၅ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းသို့ တိုးတက်လာပြီး အိန္ဒိယတွင် ၂၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျော့ကျသွားကြောင်းသိရှိရပါသည်။

ငါးသလောက်များသည် အပင်မျှောလေး (Phytoplankton) ကို အဓိကစားသုံးကြပါသည်။ အပင်မျှောလေးများအနက် Green algae 58 %၊ Diatom 38 %၊ Blue green algae 1 % တို့ပါဝင်ပြီး အကောင်မျှောလေးများတွင် Crustacean 1.3%၊ Rotifer 0.56 % နှင့် Protozoa 0.6% ပါဝင်ကြောင်း သိရှိရသဖြင့် အပင်မျှောလေးသည် ငါးသလောက်၏ အဓိကအစာဖြစ်ကြောင်းသိရပါသည်။



ငါးသလောက်သည် Bay of Bengal (BOB) တွင်ရှိသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ သုံးနိုင်ငံ တည်းတွင်သာ အများအပြားထုတ်လုပ်နိုင်ပါသည်။ အကြောင်းရင်းမှာ BOB ၏မြောက်ဘက်အစွန်းတွင် မေလမှအောက်တိုဘာလအထိ အနောက်တောင်မုတ်သုံလေ တိုက်ခတ်လေ့ရှိပြီး နိုဝင်ဘာလမှ ဧပြီလအထိ အရှေ့မြောက်လေ တိုက်ခတ်လေ့ရှိသည့်အတွက် အဆိုပါသုံးနိုင်ငံတွင် Nitrate နှင့် Phosphorus အလွန်ကြွယ်ဝကြပါသည်။ Nitrate နှင့် Phosphorus ဓာတ်များသည် အပင်မျှောလေးများ ပေါက်ဖွားကြီးပြင်းရန်နှင့် သန္ဓေအောင်ရန်အတွက် အဓိကကျသည့် အာဟာရများဖြစ်ကြပါသည်။ Nitrate နှင့် Phosphorus ဓာတ်များသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ထက် ဂင်္ဂါမြစ်၊ ဗြဟ္မပုတ္တာမြစ်နှင့် မဟာနန္ဒာမြစ်တို့၏ မြစ်ဝကျွန်းပေါ်တွင် ပို၍ပေါများပါသည်။ မြစ်ဝကျွန်းပေါ်များတွင် အပင်မျှောလေးအပေါ်များဆုံးကာလသည် ဩဂုတ်လမှ နိုဝင်ဘာလအထိဖြစ်ပြီး အဆိုပါကာလသည် ငါးသလောက်အများဆုံးဖမ်းဆီးရမိကြပါသည်။

သဘာဝတရားကြီးက ဖန်တီးပေးမှုအရ ဧရာဝတီမြစ်ဝကျွန်းပေါ် တည်ရှိသည့်အတွက် ကျွန်တော်တို့နိုင်ငံသည် ကမ္ဘာ့ငါးသလောက်အများဆုံးထုတ်လုပ်သည့်နိုင်ငံ သုံးနိုင်ငံတွင်ပါဝင်နေသည်မှာ အလွန်ဂုဏ်ယူစရာကောင်းပါသည်။ သို့သော် ယနေ့အခြေအနေသည် ငါးသလောက်ဖမ်းဆီးရမိမှု ကျဆင်းလာခြင်း၊ ငါးအရွယ်အစားငယ်သွားခြင်းသည် သယံဇာတကျဆင်းလာခြင်းနှင့် ကြုံတွေ့နေရပြီဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသလောက်ငါးမျိုးများ ထိန်းသိမ်းရေးနှင့် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ




အလုပ်ရုံဆွေးနွေးပွဲကို ၁၁-၁-၂၀၂၂ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၁၅)၌ ပြုလုပ်ခဲ့ရာ အဆိုပါ ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသလောက်သားပေါက်သည့် နေရာများကို ထိန်းသိမ်းကာကွယ်ရန် နေရာ ၁၁ ခုအား တစ်နှစ်ပတ်လုံး ငါးဖမ်းဆီးခြင်းမပြုရန်၊ ဘေးမဲ့ဇရိယာအဖြစ် သတ်မှတ်ရန်နှင့် မျိုးဆောင်ငါးသလောက်များ ရွှေ့ပြောင်းသွားလာရာလမ်းကြောင်းကို ရာသီအလိုက် ပိတ်ပင်နိုင်ရန်အတွက် တိုးမြစ်ကြောင်း၊ ဘိုကလေးမြစ်ကြောင်း၊ ပြန်မလော့မြစ်ကြောင်းနှင့် ရွှေးမြစ်ကြောင်းစသည့် မြစ်ကြောင်း လေးခုကို ရာသီအလိုက် ငါးသလောက်ဖမ်းဆီးခြင်းမပြုသည့် ကာလသတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၂-၃-၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇/၂၀၂၂ ဖြင့် ရွှေးမြစ်ကြောင်း၊ ပြန်မလော့-ဧရာဝတီမြစ်ကြောင်း၊ ဘိုကလေး-ရာဇူတိုင်-ဧရာဝတီမြစ်ကြောင်း၊ တိုးမြစ်ကြောင်းစသည့် မြစ်ကြောင်းလေးခုကို ငါးသလောက်မျိုးထိန်းသိမ်းရေးဇရိယာအဖြစ်သတ်မှတ်ပြီး ငါးသလောက်ငါးများ ဥချသားပေါက်ရန် ရေချိုသို့တက်ရောက်လာသည့် နှစ်စဉ်စက်တင်ဘာလ ၁၅ ရက်နေ့မှ အောက်တိုဘာလ ၁၅ ရက်နေ့အထိ ငါးသလောက်ဖမ်းဆီးခြင်းမပြုရန် ပိတ်ပင်တားမြစ်ထားပါသည်။


ပညာပေးပိုစတာ စိုက်ထူပေးစဉ်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၂-၃-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၂ ဖြင့်လည်း ငါးသလောက်သားပေါက်များ ရှင်သန်ကြီးထွားစေရန် ဇရိယာ ၁၁ နေရာကို ဘေးမဲ့ဇုန်အဖြစ်သတ်မှတ်ပြီး မည်သည့်ငါးမျိုးမျှ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ ၄င်းတို့မှာ ဟင်္သာတမြို့နယ်ရှိ ဖောင်ဆိပ်သောင်၊ ဇလွန်မြို့နယ်ရှိ နန်းတော်ကျွန်းသောင်၊ ဓနုဖြူမြို့နယ်ရှိ ဇကာကြီးသောင်၊ ညောင်တုန်းမြို့နယ်ရှိ ဝဲကြီးသောင်၊ ပန်းတနော်မြို့နယ်ရှိ ကဇင်းတောသောင်၊မအူပင်မြို့နယ်ရှိ ငါးဖယ်အိုသောင်၊ တလုပ်လပ်အရှေ့သောင်၊ ပန်းလှိုင်ချောင်းဝ စသည့်ဘေးမဲ့ဇုန် ၁၁ ဇုန် သတ်မှတ်ထိန်းသိမ်းထားရှိပါသည်။

မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများသည် ၁၂-၉-၂၀၂၂ ရက်နေ့တွင် မအူပင်ခရိုင်၌ ငါးသလောက်အများဆုံးဖမ်းဆီးသည့် ကဝက်ကင်းဒေသသို့ ကွင်းဆင်းပြီး ကဝက်ကင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ပလောင်ကြီးကျေးရွာတို့တွင် ရေလုပ်သားများနှင့်တွေ့ဆုံပြီး ငါးသလောက်ငါးမျိုး၏ ပေါက်ဖွားခြင်း၊ ရွှေ့ပြောင်းသွားလာခြင်း (Spawning – migration) အကြောင်း သိကောင်းစရာများနှင့် ငါးသလောက်ငါးမျိုးထိန်းသိမ်းရေး အကြောင်းများကို ပညာပေးဆွေးနွေးခဲ့ပါသည်။

ထို့အပြင် ငါးသလောက်ဖမ်းဆီးသည့် ရေလုပ်သားများ၊ ရေနေသယံဇာတထိန်းသိမ်းရေးအဖွဲ့များ


ငါးသလောက်ငါးမျိုးထိန်းသိမ်းရေးအကြောင်းများ ပညာပေးဆွေးနွေးစဉ်။

လိုက်ပါ၍ ကဝက်ကင်းကျေးရွာ ပိုက်မဲချက်နှင့် ပန်းလှိုင်ထိန်းရေတံခါးတို့တွင် ပညာပေးပိုစတာများစိုက်ထူပေးခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်တစ်နိုင်ငံလုံး GDP စုစုပေါင်း၏ ၁ ဒသမ ၁၅ ရာခိုင်နှုန်းကို ငါးသလောက်ဖမ်းဆီးမှုမှ ရရှိပြီး ရေလုပ်သား ငါးသိန်းခန့် အလုပ်အကိုင်ရရှိကြကာ လူဦးရေ ၂ ဒသမ ၅ သန်းလောက်ဆက်စပ်ပြီး အလုပ်အကိုင်ရရှိကြကြောင်းသိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ငါးသလောက်ဥချခြင်း၏ အမြင့်ဆုံးအချိန် အောက်တိုဘာလ ၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ တစ်နိုင်ငံလုံး ငါးသလောက် မဖမ်းရ ပိတ်ပင်ထိန်းသိမ်းထားခြင်းကြောင့်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငါးသလောက်ထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှု၏ ၆၅ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းသို့ တိုးတက်လာကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ငါးသလောက်တင်ပို့မှုမှာ နှစ်စဉ် တန်ချိန် ၁၃၀၀၀ ခန့်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏တင်ပို့မှုမှာ တန်ချိန် ၄၅၀၀၀၀ ခန့်ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း လွန်ခဲ့သောဆယ်စုနှစ်အတွင်း ထုတ်လုပ်မှုထက် တန်ချိန် ၁၀၀၀၀၀ ကျော် တိုးတက်ထုတ်လုပ်နိုင်မှုမှာ နှစ်စဉ်

ငါးသလောက်သားပေါက်ရာသီတွင် ငါးဖမ်းဆီးခွင့်ပိတ်ပင်ခြင်းကြောင့် တိုးတက်မှုရရှိလာကြောင်း တွေ့ရှိပါသည်။

မိမိတို့နိုင်ငံတွင်လည်း ယခုနှစ်မှစ၍ ငါးသလောက်သားပေါက်ချိန် ရာသီအလိုက် ငါးဖမ်းခွင့်ပိတ်ပင်ခြင်းနှင့် ငါးမဖမ်းရဇရိယာများ သတ်မှတ်နိုင်ခဲ့ခြင်းသည် သယံဇာတထိန်းသိမ်းရေးအတွက် လွန်စွာကြီးမားသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

အလားတူ သဘာဝကပေးထားသည့် အခြေအနေကောင်းများရှိပြီးဖြစ်သည့် မိမိတို့နိုင်ငံတွင် ဤကဲ့သို့ လွန်စွာကောင်းမွန်သည့်ငါးလုပ်ငန်းစီမံခန့်ခွဲမှု(Fishery Management ) ဆောင်ရွက်နိုင်ခြင်းဖြင့်လည်း Grass roots level အခြေခံရေလုပ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ရေထွက်ပို့ကုန်များ တိုးမြှင့်တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေရှာဖွေပေးနိုင်ခြင်း၊ အဖိုးမဖြတ်နိုင်သည့် မြန်မာပြည်သူများ နှစ်သက်မြတ်နိုးကြသည့် ငါးသလောက်သယံဇာတ ရေရှည်တည်တံ့ကာ စဉ်ဆက်မပြတ်စားသုံးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်သဖြင့် ဝိုင်းဝန်းပူးပေါင်းကာကွယ်ထိန်းသိမ်းပေးကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။ ။

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသလောက်သားပေါက်သည့်နေရာများကို ထိန်းသိမ်းကာကွယ်ရန် နေရာ ၁၁ ခုအား တစ်နှစ်ပတ်လုံး ငါးဖမ်းဆီးခြင်းမပြုရန်၊ ဘေးမဲ့ဇရိယာအဖြစ် သတ်မှတ်ရန်နှင့် မျိုးဆောင်ငါးသလောက်များ ရွှေ့ပြောင်းသွားလာရာလမ်းကြောင်းကို ရာသီအလိုက် ပိတ်ပင်နိုင်ရန်အတွက် တိုးမြစ်ကြောင်း၊ ဘိုကလေးမြစ်ကြောင်း၊ ပြန်မလော့မြစ်ကြောင်းနှင့် ရွှေးမြစ်ကြောင်းစသည့် မြစ်ကြောင်းလေးခုကို ရာသီအလိုက် ငါးသလောက်ဖမ်းဆီးခြင်းမပြုသည့် ကာလသတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၀၆၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၈ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၀၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၀၈,၅၀၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၁,၄၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၈၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၆,၉၄၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၅၅) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၄-၉-၂၀၂၂) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၅၄၀,၃၅၉) ဦးနှင့် အသက်(၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၅၉၉,၈၆၁) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၄-၉-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၅၄၀,၃၅၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၅၉၉,၈၆၁ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇)ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည် ရောဂါအခံတစ်ခုခု ရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ် ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၈၉၅၈၆၀ | ၉၄၅၃၀၀၀၀ | ၁၀၈၁၇၀၈ |
| ၂။ | အိန္ဒိယ | ၄၄၅၆၈၁၁၄ | ၄၃၉၉၅၆၁၀ | ၅၂၈၅၁၀ |
| ၃။ | ပြင်သစ် | ၃၅၁၂၅၆၈၁ | ၃၄၄၃၇၈၅၀ | ၁၅၄၈၈၇ |
| ၄။ | ဘရာဇီး | ၃၄၆၇၃၂၂၁ | ၃၃၇၉၅၆၈၈ | ၆၈၅၈၃၇ |
| ၅။ | ဂျာမနီ | ၃၂၉၅၂၀၅၀ | ၃၂၁၂၂၆၀၀ | ၁၄၉၄၅၈ |
| ၆။ | တောင်ကိုရီးယား | ၂၄၆၂၀၁၂၈ | ၂၃၇၆၃၈၂၁ | ၂၈၂၁၃ |
| ၇။ | ဗြိတိန် | ၂၃၆၂၁၉၅၂ | ၂၃၃၂၅၅၈၃ | ၁၈၉၉၁၉ |
| ၈။ | အီတလီ | ၂၂၂၈၄၈၁၂ | ၂၁၆၈၄၉၄၆ | ၁၇၆၈၆၇ |
| ၉။ | ဂျပန် | ၂၁၀၂၃၈၁၄ | ၂၀၂၆၁၃၃၄ | ၄၄၃၃၁ |
| ၁၀။ | ရုရှား | ၂၀၇၉၂၉၂၁ | ၁၉၇၅၆၅၀၇ | ၃၈၆၇၅၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၇၂၃၀၁ | ၁၀၅၈၆၈၆၁ | ၄၃၁၄၆ |
| ၂။ | အင်ဒိုနီးရှား | ၆၄၂၂၅၂၉ | ၆၂၄၃၇၀၇ | ၁၅၈၀၁၄ |
| ၃။ | မလေးရှား | ၄၈၃၀၂၁၄ | ၄၇၆၈၅၈၈ | ၃၆၃၄၈ |
| ၄။ | ထိုင်း | ၄၆၇၈၃၅၂ | ၄၆၃၇၉၄၀ | ၃၂၇၂၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၃၈၂၀၃ | ၃၈၄၀၀၁၄ | ၆၂၇၉၀ |
| ၆။ | စင်ကာပူ | ၁၈၈၉၅၄၄ | ၁၈၁၀၅၄၈ | ၁၆၁၀ |
| ၇။ | မြန်မာ | ၆၂၁၄၀၂ | ၅၉၆၉၄၇ | ၁၉၄၅၅ |
| ၈။ | ဘရူနိုင်း | ၂၂၆၂၃၇ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၇၁၄ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၃၃ | ၁၃၄၆၉၈ | ၃၀၅၆ |

## အင်္ဂပူမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှု ပြုလုပ်

**အင်္ဂပူ စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ အမှတ်(၁) ရပ်ကွက်ရှိ မြို့မဈေးရှေ့တွင် ယနေ့နံနက်ပိုင်းက လမ်းသွားလမ်းလာပြည်သူများနှင့် ဈေးရောင်း၊ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့သည်။

နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုး ဦးဆောင်သော အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှူးဆောင်အရာရှိဦးနေမျိုးလင်းနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များစုပေါင်းပြီး လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်းစည်းများ ဝေငှပေးခဲ့ပြီး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်သူများအား နှာခေါင်းစည်းတပ်ဆင်အသုံးပြုရောင်းဝယ်ရေးနှင့် ပလတ်စတစ်အိတ်သုံးစွဲမှု မရှိစေရေးတို့ကို အသိပညာပေးခဲ့သည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ရာတွင် လမ်းသွားလမ်းလာပြည်သူများ၊ မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြုလုပ်သူများအား နှာခေါင်းစည်း အခု ၁၀၀၀ ဝေငှခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ နှာခေါင်းစည်း ပုံမှန်တပ်ဆင်ကြရန် အသိပညာပေးခဲ့ကြောင်းသိရသည်။

**မန်းကျော်(ပြန်/ဆက်)**



# ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ နိုင်ငံတော်အဆင့် စျာပနအခမ်းအနားသို့ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါ တက်ရောက်မည်မဟုတ်ဟုဆို

**အော့တဝါ စက်တင်ဘာ ၂၅**

ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါသည် နိုင်ငံအတွင်း၌ အင်အားပြင်း ဖီအိုနာမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများကို ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်အတွက် ကနေဒါနိုင်ငံ၌ ဆက်လက်ရှိနေရမည်ဖြစ်သောကြောင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ နိုင်ငံတော်အဆင့် စျာပနအခမ်းအနားသို့ တက်ရောက်နိုင်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါသည် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပမည့် ရှင်ဇိုအာဘေး၏ နိုင်ငံတော်အဆင့် စျာပနအခမ်းအနားသို့ တက်ရောက်ရန်စီစဉ်ထားသော ဂျီ-၇ ခေါင်းဆောင်များအနက် တစ်ဦးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဂျက်စတင်ထရူးဒေါအနေဖြင့် မုန်တိုင်းဒဏ်သင့်ခဲ့သည့် ပြည်သူများအား အထောက်အပံ့ပေးရန် ကတိကဝတ်ပြုထားခြင်းကြောင့် ရှင်ဇိုအာဘေး၏ စျာပနအခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် ဇူလိုင်လအတွင်းက လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# မြောက်ကိုရီးယားက တာတိုပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်

**ဆိုးလ် စက်တင်ဘာ ၂၅**

မြောက်ကိုရီးယားက တာတိုပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ဂျပန်ပင်လယ်ပြင် အတွင်းသို့ ယနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီ ၅၃ မိနစ်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုသည် အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အနှောင့်အယှက် ဖြစ်စေနိုင်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ဆိုသည်။




မြောက်ကိုရီးယားက အဆိုပါဒုံးကျည်အား ပြုံဂန်ခရိုင် တာချွန်ဒေသအနီးမှ လွှတ်တင်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဒုံးကျည်သည် အမြင့်ပေကီလိုမီတာ ၆၀ အထိ မြင့်တက်ခဲ့ပြီး ကီလိုမီတာ ၆၀၀ ခန့် ခရီးနှင်ရောက်ရှိကာ အမြင့်ဆုံးအမြန်နှုန်း Mach 5 ခန့်ရှိကြောင်း သိရသည်။

အဆိုပါဒုံးကျည်သည် ဂျပန်၏ သီးသန့်စီးပွားရေးဇုန်အပြင်ဘက်သို့ ဆင်းသက်သွားခဲ့ကြောင်း ဂျပန်ကာကွယ်ရေး ဝန်ကြီး ဟာမာဒါ ယာဆူကာဇူက ပြောသည်။

ဒုံးကျည်သည် ပုံမှန်မဟုတ်သည့် လမ်းကြောင်းများကို နောက်ယောင်ခံ လိုက်နိုင်သည့် ဒုံးကျည်အမျိုးအစားသစ်တစ်မျိုးဖြစ်ကြောင်း ဟာမာဒါက ဆိုသည်။

မြောက်ကိုရီးယား ဒုံးကျည်ပစ်ခတ်မှုကြောင့် မည်သည့်ပျက်စီးဆုံးရှုံးမှုမျှမရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်မှုကို ပြင်းပြင်းထန်ထန် ရှုတ်ချပါကြောင်းနှင့် ယင်းသို့ လုပ်ဆောင်မှုသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်ကြောင်း ဟာမာဒါက ဆိုသည်။

မြောက်ကိုရီးယားသည် ဇွန်လတစ်လတည်းတွင် ပဲ့ထိန်းဒုံးကျည်ပေါင်း ရှစ်စင်းစမ်းသပ်ပစ်လွှတ်ခဲ့သည်။ ယခုဒုံးကျည်ပစ်လွှတ်မှုသည် ယခုနှစ်အတွင်း ဒုံးကျည် ၁၉ စင်းမြောက်ဖြစ်ကြောင်း သိရသည်။

ယနေ့ပစ်လွှတ်သည့် ဒုံးကျည်သည် ပြုံယမ်း၏ နျူကလီးယားမူဝါဒကို ချမှတ်ပြီးနောက် ပထမဆုံးပစ်လွှတ်သည့် ဒုံးကျည်ဖြစ်သည့်အတွက် တောင်ကိုရီးယား သမ္မတရုံးက စိုးရိမ်ပူပန်မှုများ ရှိခဲ့ကြောင်း သိရသည်။

ဂျပန်ပင်လယ် တစ်ဝိုက်တွင် မကြာမီကျင်းပမည့် အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုအပေါ် မြောက်ကိုရီးယားက စောင့်ကြည့်လျက်ရှိသည်။

အမေရိကန် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော Ronald Reagan သည် စစ်ရေးလေ့ကျင့်မှုမတိုင်မီ စက်တင်ဘာ ၂၃ ရက်က အရှေ့တောင်ဘက် ဘူဆန်မြို့၌ ဆိုက်ကပ်ခဲ့သည်။

ပြုံယမ်းသည် ရေငုပ်သင်္ဘောမှ ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ရန် ပြင်ဆင်နေသည့် အရိပ်အယောင်များ ရှိသည့်အတွက် တောင်ကိုရီးယားနှင့် အမေရိကန် စစ်ဘက်တပ်ဖွဲ့များသည် ကြိုတင်ပြင်ဆင်မှုများနှင့် တပ်လှန့်မှုတို့ကို လုပ်ဆောင်ထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၁ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၁ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူပေါင်း ၆၂၇၉၀ ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၃၅၂၀ ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၃၈၂၀၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၅၃၉၉ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၃၅၄ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၉ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း



သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှုရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ဆီးရီးယားကမ်းရိုးတန်း၌ ရွှေ့ပြောင်းလုပ်သားများ တင်ဆောင်လာသော စက်လှေတစ်စင်း နစ်မြုပ်မှုကြောင့် ရွှေ့ပြောင်းခရီးသည် ၈၉ ဦးသေဆုံး

**ဒမတ်စကတ် စက်တင်ဘာ ၂၅**

ဆီးရီးယားနိုင်ငံ၏ ကမ်းရိုးတန်း၌ လက်ဘနွန်နိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ တင်ဆောင်လာသည့် စက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူပေါင်း ၈၉ ဦးသေဆုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါစက်လှေနစ်မြုပ်မှုသည် စက်တင်ဘာ ၂၂ ရက်က ဆီးရီးယားကမ်းရိုးတန်း၌ ဖြစ်ပေါ်ခဲ့ပြီး လူ ၂၀ ခန့်အား ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဆီးရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီက ပြောကြားသည်။

**ဦးတည်မောင်းနှင်လာ**

စက်လှေပေါ်၌ ရွှေ့ပြောင်းခရီးသည် ၁၅၀ ခန့်တင်ဆောင်လာသည့် အဆိုပါ စက်လှေသည် စက်တင်ဘာ ၂၀ ရက်က လက်ဘနွန်နိုင်ငံမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါစက်လှေသည် ဆိုက်ပရပ်စ်နိုင်ငံသို့ ဦးတည်မောင်းနှင်လာခြင်းဖြစ်ကြောင်း ကယ်ဆယ်လွတ်မြောက်လာသူများ၏ ပြောကြားချက်အရ သိရသည်။

လက်ဘနွန်အာဏာပိုင်များသည် နိုင်ငံအတွင်း တရားမဝင် ရွှေ့ပြောင်းလုပ်သားများကို နှိမ်နင်းမှုများ ပြုလုပ်လျက်ရှိပြီး အဆိုပါ ရွှေ့ပြောင်းလုပ်သားများသည် သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးသည် ဆိုးရွားမှုများ ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် ဥရောပဒေသတွင် ကောင်းမွန်သည့်ဘဝတစ်ခု ရှာဖွေရန် ပင်လယ်ရေကြောင်းမှတစ်ဆင့် လက်ဘနွန်နိုင်ငံသို့ ထွက်ပြေးလာသူများဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄ ဒသမ ၅၆ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၅**

အိန္ဒိယနိုင်ငံ၏ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၇၇၇ ဦး ထပ်မံတွေ့ ရှိခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၄၄၅၆၈၀၁၄ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူပေါင်း ၄၃၉၉၄ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် သေဆုံးသူပေါင်း ၅၂၈၅၁၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၁၉၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၉၉၅၆၁၀ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၇၅၆၆၇၉၄၂ လုံး အသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရားမဝင် သစ်တောထွက်ပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ထားဝယ်မြို့ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့စဉ် စက်တင်ဘာ ၂၁ ရက်တွင် မော်တော်ယာဉ်တစ်စီးပေါ်မှ ထိုင်းနိုင်ငံထုတ် အကောက်ခွန်မဲ့ Nanakid အမျိုးအစား ကလေးလေဆေး ၇၉ ကတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၀၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရ လည်းကောင်း၊ ခွင့်ပြုမိန့်မရှိဘဲ တရားမဝင်တင်ဆောင်လာသော မီးသွေးအိတ်များ ၂၀၀၀ ပိဿာ(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းရမိခဲ့သည့်အပြင် စက်တင်ဘာ ၂၄ ရက်တွင် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ထိုင်းနိုင်ငံထုတ် အကောက်ခွန်မဲ့ Plant Nutrients Morakot Green 15–15–15 ဓာတ်မြေဩဇာ ၁၄၈ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Nissan Condor PK2521 အမျိုးအစား Truck မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၈၁၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြဝတီ – ဘားအံ – ရန်ကုန်လမ်းကြောင်း လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ အမှတ်(၂) လမ်းဆုံအနီး၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ (Mobile) အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော သန့်စင်ခန်းသုံးပစ္စည်းများ၊ မွေ့ရာအခင်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၈၁၈၁) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော NissanTractor Head အမျိုးအစားမော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၈၁၈၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က ကုန်သေတ္တာနှစ်လုံးအတွင်းမှ ရက် ၆၀ အတွင်း သွင်းကုန်လိုင်စင် မရရှိသော ဝိုင်ယာကြိုးများ ၅၉ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၈၂၄၀၁)နှင့် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသော လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၁၇၄၀၀)



လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ အမှတ်(၂)လမ်းဆုံ၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော Hock & Tag ၈၆၇၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၃၇၂၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၁၃၅၂၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော ရေအပူပေးစက် ၂၆ လုံး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စက်တင်ဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ Daihatsu Hijet S500J အမျိုးအစားလိုင်စင်မဲ့ PickUp မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၃၆၂၇၀၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကလောမြို့နယ်၊ ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

မြိတ်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကလောမြို့နယ်၊ ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် မြိတ်မြို့ မြို့မ(၁) ရပ်ကွက်တွင် မရီချို(ခ) လာမဇန်းမီ၊ ဇင်မင်းအောင်(ခ) ငယ်ငယ်နှင့် မအိဖြိုးဝေ(ခ)ကောင်မငယ်တို့အား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် မင်္ဂလာဒုံဈေးတွင် ထွန်းထွန်းဖြိုး (ခ) ကိုဖြိုးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး



ထွန်းကျော်အောင်(ခ)မွေးနီအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့ လှည်းရိုးရပ်ကွက် အောင်ပန်း–ရွှေညောင်သွားရာလမ်းအနီးတွင် မထွေးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ထို့အတူ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ဝမ်နွံ့ကျေးရွာအနီးတွင် ယောလှအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ည ၇ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက် (ခ)တွင် ထွန်းကျော်အောင်(ခ) မွေးနီ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၉-၂၀၂၂ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ (၇)ကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ် အပေါ်လေ့လာသုံးသပ်ခြင်း(အပိုင်း–၂)
- ၀၉:၁၀ မွေးမြူရေးရာအဖြာဖြာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၅ ကြွေလည်းဝေမြဲတမ်းတဆဲ
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း–၉)
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း' (အပိုင်း–၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း–၃၀)

### mitv

- 07:01 Evergreen Classic: An Da Yel Kin (Htar)
- 07:09 Let's go to....Natural Paradise
- 07:40 Unique Art of Stucco Work
- 08:01 News
- 08:29 Asia Updates: Beyond the Mountains (Life in Xinjiang) (P-1) Changing Times
- 08:51 Coin Collectors
- 09:01 Moe Ne' Keeps Its Tradition Alive
- 09:27 Trend of Kachin Dress
- 09:53 Myanmar Puppet
- 10:26 Global Partnership for Brighter Future: Poland Pavilion at Expo 2020 Dubai
- 10:35 Lively Group Folk Dance of Kayan Nationals

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သာယာလှပသောကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**ချင်း (ဖလမ်း) (၀၇:၀၀ မှ ၀၈:၀၀)**
ကန်ပက်လက်မြို့နယ်ရှိ ညီအစ်ကိုများရဲ့ ရိုးရာပလွေဂီတ

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
မြတ်နိုးဖွယ်ရာဝါးလက်မှုပညာ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း–၆)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
မျိုးဝက်တင့်စေ ယဉ်ကျေးမှုအမွေ(အပိုင်း–၁)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရွှေတိုက်မြို့တော်

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
တစ်နယ်တစ်ကျေးကကယားတို့ရွာ

**ပအိုဝ်း (၂၁:၀၀ မှ ၂၂:၀၀)**
ဒေသစားစရာ ဒိုးငါးပိကြော်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဝေနိမြစ်ကမ်းနားကရွာသစ်ရွာကလေး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ခံစားသက်ဝင်မှုမှသည် ရသမြောက်အနုပညာဆီသို့
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၅:၀၀ သတင်းမှန်ကဏ္ဍ
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့ သတင်းစကား

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပကောင်းဆိုးဝါး'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း–၂)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၂၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၃၅ စိုက်ပျိုးရေးကိုအခြေတည် တန်ဖိုးရှိတဲ့မြန်မာ့ထုတ်ကုန်ဆီ
- ၀၈:၀၀ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အပင်ဇီဝမျိုးစုံမျိုးကွဲများ
- ၀၈:၃၀ လုပ်းဆင့်ကြိုနေ ငလိုက်ဆင်စခန်းနယ်မြေ
- ၀၉:၂၀ တောင်သူ့အကျိုးကိုရည်သန် စစ်ကိုင်းမြို့၏မြေပဲသီးနှံ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၃၀၀၅ |
| 95 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၈၀ | ၂၂၆၀ | ၂၃၅၀ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၀ | ၂၅၃၀ | ၃၀၉၅ |
| HSD (500 ppm) | ၂၆၄၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၈၅ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၀ | ၂၉၅၀ | ၃၇၀၀ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၇ | ၂၁၂၁ |
| 95 Ron | ၂၁၂၂ | ၂၁၉၈ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၂၆၁၂ | ၂၆၉၄ |
| HSD (10 ppm) | ၂၆၁၂ | ၂၆၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ကျောက်ဆစ်ပုံရပ်ကွက်နေ ဟိန်းထက်အောင်(ခ)ဟိန်းထက်သည် ၎င်းအသုံးပြုသည့် "Spychit Thu" Facebook အကောင့်၊ မွန်ပြည်နယ် ဇင်းကျိုက်မြို့နယ် ဆားဖိုစုရပ်ကွက်နေ ဇော်မင်းလတ်နှင့် ချစ်ကိုကိုတို့သည် ၎င်းတို့အသုံးပြုသည့် "Zaw Min Latt" Facebook အကောင့်၊ "Chit Ko Ko" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၅) ရပ်ကွက်နေ နေဝင်းနိုင်သည် ၎င်းအသုံးပြုသည့် "Nay Win Naing" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဟင်္သာတမြို့ ရေဝတီမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ဟင်္သာတ စက်တင်ဘာ ၂၅

ငါးလုပ်ငန်းဦးစီးဌာနသည် ဒေသတွင်းငါးရိက္ခာဖူလုံစေရန်၊ သဘာဝရေသယံဇာတများကို အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ သဘာဝရေပြင်များတွင် ငါးမျိုးများပြန်လည်တည်တံ့စေရန်နှင့် ကျေးလက်နေပြည်သူများလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဟင်္သာတမြို့ရှိ ရေဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသည့် ပခန်းရပ်ကွက် ကမ်းနားကြီး သင်္ဘောဆိပ် ရေဝတီမြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားအား ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဟင်္သာတတက္ကသိုလ်သတ္တဗေဒဌာနမှ ပါမောက္ခ Dr အေးအေးသန်းနှင့် ဆရာမများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဟင်္သာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ကြီးကြပ်စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ရေဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသည့် ပခန်းရပ်ကွက် ကမ်းနားကြီး သင်္ဘောဆိပ် ရေဝတီမြစ်သဘာဝရေပြင်အတွင်းသို့ ဟင်္သာတငါးသားဖောက်စခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ အမေး / အဖြေများ

(ယမန်နေ့မှအဆက်)

**သူရိယနေ့ဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က ပြီးခဲ့သည့်အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့၏ ရရှိခဲ့သည့် ရုရှား - မြန်မာ ချစ်ကြည်ရေးသာမက မြန်မာနိုင်ငံတော်နှင့် ပြည်သူ ၅၅ သန်းအတွက်ရခဲ့သည့် အကျိုးကျေးဇူးရလဒ်များကို ယခုသတင်းစာရှင်းလင်းပွဲမှ ပြည်သူများကိုယ်စား မိမိအနေဖြင့် ကျေးဇူးဥပကာရ တင်ရှိပါကြောင်းနှင့် ချီးကျူးဂုဏ်ပြုစကား ပြောကြားလိုကြောင်း၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော ရုရှားသွားသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အောင်မြင်မှုသည် မည်မျှကြီးမားသလဲဆိုလျှင် သမိုင်းစဉ်အရ သုံးသပ်ရမည်ဆိုပါက ၁၉၄၇ ခုနှစ် ဇန်နဝါရီလက ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သွားပြီး လွတ်လပ်ရေးဆွေးနွေးပွဲ နောက်ပိုင်းကာလတစ်လျှောက် ၇၅ နှစ်အတွင်းတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အောင်မြင်မှုသည် အကြီးမားဆုံးအောင်ပွဲဟု မိမိအပါအဝင် မိမိတို့ပြည်သူလူထုအားလုံးက သုံးသပ်နေပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၁၉၅၃ ခုနှစ် မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် သခင်နုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်ကြီး မော်စီတုံးတို့ တွေ့ဆုံခဲ့သည့်ပွဲသည်လည်းကောင်း ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အမေရိကန်သမ္မတ Lyndon B. Johnson တို့ ဝါရှင်တန်ဒီစီတွင် တွေ့ဆုံခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲသည်လည်းကောင်း၊ ၁၉၅၅ ခုနှစ်နှင့် ၁၉၅၆ ခုနှစ် ရုရှားခေါင်းဆောင် Nikita Khrushchev နှင့် မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်သခင်နုတို့ တွေ့ဆုံခဲ့သည့် ဆွေးနွေးပွဲများသည်လည်းကောင်း ထိုအချိန်၌ သာမန်နိုင်ငံရေးအခြေအနေ အကျဉ်းအကျပ်ကာလမဟုတ်သည့် တည်ငြိမ်သည့်ကာလတွင် ရရှိခဲ့သည့် ထိပ်သီးဆွေးနွေးပွဲများဖြစ်ကြောင်း။

ယခု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တွေ့ဆုံမှုသည် မြန်မာနိုင်ငံကို အနောက်အုပ်စုက ဘက်ပေါင်းစုံအကျပ်အတည်းများ တိုက်ခိုက်နေသည့်ကြားမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် ရုရှားဖက်ဒရေးရှင်းက မြန်မာနိုင်ငံကိုလည်းကောင်း၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း ထိုက်ထိုက်တန်တန်ချီးမြှင့်ပြီး မြန်မာနိုင်ငံတော်အတွက် မျှော်လင့်မထားသည့် အလွန်အံ့သြစရာကောင်းသည့် အောင်မြင်မှုများကို သယ်ဆောင်လာခဲ့သောခရီးစဉ်ဖြစ်သည်ဟု နှိုင်းယှဉ်ပြောကြားလိုကြောင်း၊ မိမိမေးမြန်းလိုသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားခရီးစဉ်တွင် ရရှိခဲ့သည့် အောင်မြင်မှုအတိုင်းအတာကို အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ဗိုလ်ချုပ်အနေဖြင့် မည်ကဲ့သို့ရှုမြင်ကြောင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က မြန်မာနိုင်ငံကို လိုအပ်တာမှန်သမျှ မည်သည့်ကိစ္စမဆို လုပ်ပေးနိုင်သည်များအားလုံးကိုကူညီပြီး မြန်မာ့သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးအပြောင်းအလဲတစ်ခုနှင့် မြန်မာနိုင်ငံတွင် လိုအပ်နေသည့် စွမ်းအင်၊ အဏုမြူ၊ အာကာသ၊ စစ်ဘက်ရေးရာ ပူးပေါင်းဆောင်ရွက်မှု၊


သူရိယနေ့ဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း

ဆေးပညာ၊ စိုက်ပျိုးသီးနှံ၊ လောင်စာဆီက အစ လိုလေသေးမရှိအောင် ပေးအပ်တော့မည်ဆိုသည့်အကုန်လုံး အလုံးအရင်းဖြင့် ရုရှားမှလှိုင်းများ မြန်မာပြည်ကိုဆိုသည်ကို လူထုကမျှော်လင့်နေကြောင်း၊ ယင်းကိစ္စသည် NUG အကြမ်းဖက်အစိုးရကို မြေမြှုပ်သင်္ဂြိုဟ်ရသည့်အဆင့်သို့ ရောက်ရှိသွားပြီလား၊ အနောက်အုပ်စုကြံစည်နေသည့် မြန်မာနိုင်ငံကို ဝိုင်းဝန်းပိတ်ဆို့ရေးဆိုသည့် မျှော်လင့်ချက်၊ အနောက်အုပ်စုက လက်မှိုင်ချသွားရသည်အထိ အောင်မြင်မှုရရှိသွားပြီလားဆိုသည်ကို ဗိုလ်ချုပ်အနေဖြင့် ဖြေနိုင်သလောက် ဖြေကြားပေးရန် မေးမြန်းသည်။

### အရှေ့တောင်အာရှ၊ တောင်အာရှတွင် ဗဟိုချက်ဖြစ်လာ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့ ရုရှားခရီးစဉ်နှင့်ပတ်သက်ပြီး ဆောင်ရွက်ခဲ့သည်များကိုပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မိမိသုံးသပ်ချက်အရ မိမိတို့မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်ခဲ့သည်ဟု ပြောခဲ့ကြောင်း၊ တချို့သော ကမ္ဘာ့ဖြစ်စဉ်၊ ဖြစ်ရပ်များရှိကြောင်း၊ ယခုစီးပွားရေးဖိုရမ်ပြီးလျှင် ဆက်စပ်ပြီးကြည့်ရမည့် လုပ်ငန်းစဉ်သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် မည်သည့်ကိစ္စများ သဘောတူညီမှုရရှိပြီး မည်သည့်ကိစ္စများ ဆွေးနွေးသည်ကို ကြည့်ပါက မိမိတို့ခရီးစဉ်၏ရုပ်လုံးမှာ ပိုကြွလာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပထမဦးဆုံး အလေးအနက်ထားပြောလိုသည်မှာ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံအတွက် ကာလရှည်ကြာစွာစိတ်ချရသည့် မိတ်ဖက်နိုင်ငံဟု ပြောလိုက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးလေ့လာသုံးသပ်သူများနှင့် နိုင်ငံတကာရေးရာ လေ့လာသုံးသပ်သူအနေဖြင့် အင်အားကြီးနိုင်ငံကြီး တစ်နိုင်ငံဖြစ်သည့်၊ ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီတွင် ပါဝင်သည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည့်၊ ကမ္ဘာ့ရေးရာများတွင် ဗီတိုအာဏာဖြင့် အဆုံးအဖြတ်ပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် နိုင်ငံ၏ခေါင်းဆောင်တစ်ယောက်က ယင်းကဲ့သို့ထုတ်ဖော်ပြောကြားလိုက်ခြင်းသည် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၊ တောင်အာရှတွင် ဗဟိုချက်ဖြစ်လာမည်ဆိုသည့် အနေအထားမျိုးအထိ အောင်မြင်ခဲ့ကြောင်း။

နောက်တစ်ခုမှာ လုပ်ဆောင်နိုင်မှုဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်နိုင်မှုမှာ ယခင်အတိတ်ကို ပြန်ကြည့်ရမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် တချို့သောနိုင်ငံများသည် အာဆီယံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်သွားသည့် နိုင်ငံများရှိကြောင်း၊ ယင်းနိုင်ငံများကို ပညာရှင်များ၏သုံးသပ်ချက်အရ ၎င်းတို့ကိုယ်တိုင်ကြိုးစားသဖြင့် တိုးတက်သည်မှာ မှန်ကန်သော်လည်း အခါအခွင့်သင့်သည့်လှိုင်းနှင့် အခါအခွင့်သင့်သည့်လေမိသွားသည့်အတွက် တိုးတက်သွားခြင်းဖြစ်ကြောင်း၊ ဥပမာပြောရလျှင် စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ တောင်ကိုရီးယားစသည့်နိုင်ငံများ တိုးတက်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားကြောင်း၊ ၎င်းတို့ကိုယ်တိုင်ကြိုးစား၍ တိုးတက်သွားသည်မှာမှန်ကြောင်း၊ ထို့အပြင် ဗီယက်နမ်စစ်ပွဲနှင့် ကိုရီးယားစစ်ပွဲများတွင် အမေရိကန်က ထိုနိုင်ငံများတွင် အခြေပြု ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ထို့အတွက် လိုအပ်သည့်ဒေါ်လာရေစီးကြောင်းများလာကြောင်း၊ ထို့ကြောင့် ယင်းနိုင်ငံများက ဒေါ်လာရေစီးကြောင်းအပေါ် တက်စီးခွင့်ရရှိသွားကြောင်း၊ ကျကျနန အသုံးချသွားနိုင်ကြောင်း၊ ထို့ကြောင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့်အပြင် တခြားတိုးတက်မှုများလည်းပါကြောင်း၊ ထိုကိစ္စသည် အကြောင်းရင်းတစ်ခုဖြစ်ကြောင်း။


Bullet ဂျာနယ်မှ ထုတ်ဝေသူဦးလှဆွေ

ယခုအချိန်တွင် ရုရှားနိုင်ငံအနေဖြင့် အရှေ့တောင်အာရှဒေသ၊ အာရှပစိဖိတ်ဒေသအပေါ် အာရုံစိုက်လာကြောင်း၊ ယင်းသို့အာရုံစိုက်လာသည့်အပေါ် ၎င်းကိုယ်တိုင် ထုတ်ဖော်ပြောကြားချက်အရ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ၎င်းတို့၏အခိုင်အမာဆုံး မိတ်ဆွေနိုင်ငံဟုပြောခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်ကတည်းက ကြိုးပမ်းခဲ့သည်များရှိကြောင်း၊ အာကာသသိပ္ပံ၊ နည်းပညာနှင့်ပတ်သက်ပြီး အဆင့်မြင့်နည်းပညာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုသည့် နည်းပညာများ စသည်တို့နှင့်ပတ်သက်၍ ရုရှားအနေဖြင့် လိုက်လျောစွာဖြင့် ပစ္စည်းသာမက နည်းပညာများကိုပါ ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံ့ခေါင်းဆောင်တစ်ဦးက စိတ်ဝင်စားခြင်းဖြစ်သောကြောင့် မိမိအနေဖြင့် ရုရှားခရီးစဉ်ကို ယခင်ကလည်း လိုက်ပါဖူး၍ ယခုတစ်ခေါက်တွင် ကွဲပြားမှုများရှိကြောင်း၊ ပြည်နယ်များသို့ ရောက်သည့်အချိန်တွင် ၎င်းတို့ပြည်နယ်များသည် ဖက်ဒရေးရှင်းပြည်နယ်ဟုပြော၍ရကြောင်း၊ ၎င်းတို့၏ အကြီးအကဲများသည် လုပ်ပိုင်ခွင့်များစွာသီးခြားရှိကြောင်း၊ ၎င်းတို့၏ ကြိုဆိုမှုများသည် ယခုအချိန်တွင် အံ့မခန်းဖြစ်ရသည့် ကြိုဆိုမှုဖြစ်ကြောင်း၊ မိမိတို့အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများတွင် ရုရှားနိုင်ငံသည် အင်အားကြီးနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို အထူးအလေးပေးသည့် နိုင်ငံတစ်ခုအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဤလှိုင်းလုံးပေါ်၌ ကျကျနနစီးနိုင်ရန် အရေးကြီးကြောင်း။

### ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးညီလာခံ

နောက်တစ်ခုမှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးညီလာခံ၌ တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့တွေ့ဆုံသည့်အချိန်တွင် ပြောခဲ့သည်များရှိကြောင်း၊ ရုရှားနှင့် ပူးပေါင်းဆောင်ရွက်ပြီး အမေရိကန်၏ အာရှပစိဖိတ်နည်းဗျူဟာ၊ မဟာဗျူဟာနှင့်ပတ်သက်ပြီး ၎င်းတို့လုပ်ဆောင်ကြမည့်ကိစ္စများ တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းတို့ အနေဖြင့် စစ်ရေးစစ်ရာများ ပူးပေါင်းဆောင်ရွက်မည်၊ တခြားကျန်သည့်ကိစ္စများ ပူးပေါင်းဆောင်ရွက်မည် စသည်တို့ကို ဆွေးနွေးသွားသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ အခါအခွင့်သင့်နေသည့်အချိန်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံလုံး၏ အလေးထားမှု အခါအခွင့်သင့်နေသည့်အချိန်တွင် မိမိတို့ကိုထပ်မံပြီး အလေးထားသည့် လုပ်ဆောင်မှုမျိုးများ၊ ပြောဆိုချက်မျိုးများ၊ အလေးထားသည့် လိုက်လျောမှုများ လုပ်ဆောင်နေသည့်အချိန်တွင် မိမိတို့နိုင်ငံသူ နိုင်ငံသားများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ယခုလှိုင်းကိုအမိစီးနိုင်ရန် လိုသည်ဟု မိမိအနေဖြင့် သုံးသပ်ပြောကြားလိုကြောင်း၊ အနောက်အုပ်စုက ကြံစည်နေသည့်ကိစ္စများနှင့်ပတ်သက်၍ ထိထိရောက်ရောက် အတိုင်းအတာတစ်ခုအထိ မိမိတို့တားဆီးနိုင်သည်ဟု ပြောနိုင်ကြောင်း၊ အနောက်နိုင်ငံများတွင် အခြေစိုက်သည့်မီဒီယာများ၏ ရေးသားမှုများ၊ ၎င်းတို့၏ပြောဆိုချက်များသည် နောက်ပိုင်းတွင် ထွက်လာသည့်လေသံများကို ကြည့်ပြီးသိနိုင်ကြောင်း ပြောကြားသည်။

**သူရိယနေ့ဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က ယခုကုလသမဂ္ဂအထွေထွေညီလာခံကို အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့်အချိန်ကို ချိန်ကိုက်ပြီး ကျော်မိုးထွန်းဆိုသည့် ပြည်ပြေးအကြမ်းဖက်ပုဂ္ဂိုလ် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်နေရာ ရရှိရေးကို သွေးရူးသွေးတန်းဖြင့် ကြိုးပမ်းနေသည့်အချိန်ကာလကို ချဉ်းကပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းကျေးရွာတွင် ဖြစ်သည့်ဖြစ်စဉ်ကို PDF နှင့် NUG ပြည်ဖျက်မီဒီယာများက လှုံ့ဆော်သွေးထိုးပြီး တပ်မတော်ပုံရိပ်၊ နိုင်ငံတော်၏ပုံရိပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီပုံရိပ်ကျဆင်းအောင် ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် ချိန်ကိုက် ပြီး လုပ်ဆောင်နေသည်ဟု မိမိယူဆပါကြောင်း၊ ယင်းဖြစ်စဉ်ကို တပ်မတော် က သတင်းအတိအကျရ၍ KIA နှင့်အကြမ်းဖက်သမားများ လက်နက်သယ်ဆောင်ဖြတ်သန်းရန် လက်ယက်ကုန်းကျေးရွာအနီးတွင် ထားရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့များကို ရဟတ်ယာဉ်ဖြင့် တင်ဆောင်ပြီး ဝင်ရောက်ရှင်းလင်းသည့်ကိစ္စကို ၎င်းဝါဒဖြန့်နေသကဲ့သို့ဖြစ်ပေါ်ခဲ့ခြင်း အလျှင်းမရှိဘဲ ဝါဒဖြန့်နေသည့်ကိစ္စ ဖြစ်ပေါ်နေကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ချိန်ကိုက်ပြီး သွေးထိုးသည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိအနေဖြင့် ဥပမာတစ်ခုပေးလိုကြောင်း၊ အမေရိကန်နိုင်ငံက ၁၉၆၈ ခုနှစ် မတ် ၁၆ ရက်တွင် အမေရိကန်နိုင်ငံတောင်ပိုင်း မိုင်းလိုင်ကျေးရွာ၌ ဗီယက်နမ်ရွာသား ၅၀၀ ကို ဗီယက်ကောင်းဟုဆိုကာ အမေရိကန် အမှတ် (၂၀) ခြေမြန်တပ်ရင်းနှင့် အမှတ် (၂၃) ခြေမြန်တပ်ရင်းက အကုန်လုံးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်ပွားခဲ့သည့်ကိစ္စသည် ကမ္ဘာတွင် ဘာတစ်ခုမှဖြစ်မလာဘဲ ပျောက်ကွယ်သွားကြောင်း၊ ထိုကဲ့သို့ ပြီးခဲ့သည့်အနှစ် ၂၀ ကာလတွင် အမေရိကန်သည် အာဖဂန်နစ္စတန်၊ ယီမင်၊ အီရတ်၊ အီသီယိုးပီးယား၊ ဆိုမားလီးယားနိုင်ငံများတွင် လေကြောင်းဖြင့် ဒုံးတိုက်ခိုက်မှု ၁၄၀၀၀ ကျော်ပြုလုပ်ခဲ့ပြီး အရပ်သား ၂၀၀၀ ကျော်သေဆုံးကာ ကလေးငယ် ၅၀၀ သေဆုံးသည့်ကိစ္စများကို အားလုံးဖုံးထားပြီး ကမ္ဘာပေါ်တွင် ဘာမှထွက်မလာခဲ့ကြောင်း၊ ယခုအချိန်တွင် မိမိတို့မြန်မာနိုင်ငံအတွင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်က တည်ငြိမ်မှုရရှိအောင် ကြိုးပမ်းနေသည့်အချိန်၌ ဖြစ်လာသည့်ဖြစ်စဉ်များအပေါ် မဟုတ်တာများကို ငဖဲက ပြောင်းပြန်၊ သူခိုးက လူဟစ်၊ ဖြောင်လိမ်ဖြောင်စားလုပ်ကာ လက်ယက်ကုန်းကျေးရွာသားများနှင့် ကလေးငယ်များကို လူသားဒိုင်းကာအဖြစ် အသုံးချသည့် အကြမ်းဖက်သမားများ၏လုပ်ရပ်ကို ပြောင်းပြန်လုပ်ကာ တပ်မတော်က လုပ်ပါသည်ဟုဆိုပြီး ယင်းသို့ဝါဒဖြန့်နေမှုကို မိမိတို့လက်ပိုက်ကြည့်နေ၍မရတော့ကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး ကြိုးပမ်းသည့်အခါတွင် တပ်မတော်နှင့် နိုင်ငံတော်က ပြည်သူများကိုကာကွယ်ပြီး ပြည်သူတို့၏ဘဝတည်ငြိမ်ရေး ကြိုးပမ်းနေခြင်းကို ပြောင်းပြန်လုပ်ပြီး လူသားဒိုင်းကာလုပ်နေသည့် NUG၊ PDF အကြမ်းဖက်များကို လက်ယက်ကုန်းကျေးရွာဖြစ်စဉ်ကဲ့သို့ ဝါဒဖြန့်ချက်များ အပေါ် NUG ကို ကမ္ဘာ့အင်တာပိုလ်၊ ကမ္ဘာ့အစိုးရများတွင် ချိတ်ဆက်ပြီး မည်သို့ဖမ်းဆီးနိုင်မည်ကို ပြည်သူလူထုရှင်းလင်းသွားအောင် ဗိုလ်ချုပ်အနေဖြင့် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ

**ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပသည့်အချိန်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထူးခြားချက်အရ ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပသည့်အချိန် ယခုတွင်သာမက ယခင်နှစ်များတွင်လည်း အနောက်ဘက်တွင် အမြဲတမ်းပြဿနာမျိုးစုံရှိကြောင်း၊ ယခုနှစ်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံကြားတွင် အထင်လွဲသည့်အထိဖြစ်လာကြောင်း၊ ဆက်စပ်ကြည့်ပါက ထိုနေ့ မတိုင်မီ ကြားတွင် ၎င်းတို့စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ခု လုပ်လိုက်ပြီး နိုင်ငံတကာစစ်တပ်များမှ အရာရှိကြီးများ ဖိတ်ခေါ်ကာ လာတွေ့သည်များရှိကြောင်း၊ အကြောင်းမဲ့ မဟုတ်နိုင်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းကျေးရွာနှင့် ပတ်သက်ပြီး အတော်များများကို မီဒီယာများတွင်ဖွနေသည်ကို တွေ့ရကြောင်း၊ ဖြစ်စဉ်အမှန်ကို ထိုရက်များက လက်ယက်ကုန်းကျေးရွာသူ ကျေးရွာသားနှစ်ဦး၏ ပြောကြားချက်ကို ဗီဒီယိုဖြင့် ဖွင့်ပြမည်ဖြစ်ကြောင်း၊ လက်ယက်ကုန်းကျေးရွာတွင် ယခင်ကတည်းက KIA၊ PDF အကြမ်းဖက်အဖွဲ့များ အဝင်အထွက်ရှိကြောင်း၊ ဘေးရွာများတွင်လည်း အဝင်အထွက်ရှိကြောင်း၊ တပ်မတော်ကို ယင်းဒေသခံများက ၎င်းတို့ရောက်ရှိနေသည့်သတင်းကိုပေးကြောင်း၊ တပ်မတော်အနေဖြင့် လုံခြုံရေးအရ ရွာထဲကို ဝင်ရောက်ကာ လုံခြုံရေးဆောင်ရွက်ခြင်းသာရှိကြောင်း၊ ယင်းသို့ဆောင်ရွက်နေစဉ်တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကြမ်းသူများက ရွာသူ ရွာသားများအကုန်လုံးကို ဘုန်းကြီးကျောင်းသို့ ခေါ်သွားပြီး ဘုန်းကြီးကျောင်းအောက်ထပ်တွင် နေခိုင်းကာ လူသားဒိုင်းသဖွယ်အသုံးပြု၍ တပ်ကိုဝိုင်းဝန်း ပစ်ခတ်ခဲ့ကြောင်း၊ မိမိတို့ တပ်မတော်အနေဖြင့်လည်း ပြန်လည်ပစ်ခတ်ခဲ့ရသည်များရှိကြောင်း။

ထွက်ဆိုချက်အရ ထိုဘုန်းကြီးကျောင်းအောက်တွင် ၎င်းတို့နေခဲ့ရကြောင်း၊ နောက်ဆုံးတိုက်ပွဲပြီးသွားသည့် အချိန်တွင် အကြမ်းဖက်သမားများ ထွက်ပြေးသွားသည့်အခါ ဘုန်းကြီးကျောင်းအောက်၌ ကလေးသူငယ်များကျန်နေခဲ့ကြောင်း၊ လူနာများကျန်ခဲ့ကြောင်း၊ ၎င်းတို့ကို မိမိတို့ကယ်ဆယ်ပြီး ကလေးငယ်နှစ်ယောက် ဒဏ်ရာပြင်းထန်နေသောကြောင့် ရဟတ်ယာဉ်ဖြင့် ချက်ချင်း စစ်ဆေးရုံကို ပို့ဆောင်ခဲ့ကြောင်း၊ ရေဦး၊ ဒီပဲယင်းဆေးရုံတို့တွင် ယခုအချိန်အထိ ဆေးကုသမှု ခံယူနေရသူများရှိကြောင်း၊ တချို့ကောက်ကျစ်သည့် မီဒီယာများ ဘုန်းကြီးသတ်၊ သီလရှင်သတ်၊ အရပ်သားသတ်နေသည့်သူများက ဘာရေးထားသလဲဆိုလျှင် ထိုဘုန်းကြီးကျောင်းတွင် PDF များနှင့် ထိုရပ်ရွာကယဉ်ကျေးလိမ္မာသင်တန်းဖွင့်နေသည်ကို ဘာမျှမရှိဘဲနှင့် တပ်က လာပစ်ခတ်ခြင်းဖြစ်သည်ဟု ရေးသားထားကြောင်း၊ လွန်စွာကလိမ်ကကျစ်ကျသည့် လုပ်ရပ်များဖြစ်ကြောင်း၊ ၎င်းတို့ကဲ့သို့ အကြမ်းဖက်သတ်ဖြတ်သူများက ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သည်ဆိုသဖြင့် “ဘာများသင်သလဲ” ဟူ၍ တကူးတကသွားရောက်လေ့လာသင့်သည့် အနေအထားမျိုးပင်ဖြစ်နေကြောင်း၊ လူများကိုလည်း တပ်မှ ဓားစာခံအဖြစ်ခေါ်ဆောင်သွားသည်ဟု မဟုတ်တရုတ်ရေးထားကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့် ဒေသခံလူနာများကို ဆေးကုသပေးနေမှု၊ ထောက်ပံ့ပေးနေမှု မှတ်တမ်းများကိုပြသပြီး ပုံများကိုလည်း မီဒီယာများကို ပေးမည်ဖြစ်ကြောင်း ပြောကြား၍ ကျေးရွာမှဒေသခံများ၏ ပြောဆိုချက် ဗီဒီယိုကိုဖွင့်လှစ်ပြသသည်။

အဆိုပါ Video File တွင် ပါဝင်သူများသည် ဖြစ်စဉ်တွင်အမှန်တကယ်ပါဝင်သူများဖြစ်ပြီး ဆေးကုသမှုခံယူနေသူများဖြစ်ပါကြောင်း၊ ဦးမိုးဟိန်းပြောသကဲ့သို့ အထွေထွေညီလာခံ ရှိလာပြီဆိုပါက ကုန်ကြမ်းရှာကြခြင်းဖြစ်ပြီး တချို့လည်း ကုန်ချောထုတ်ပြီးသား ရှိပါကြောင်း၊ ထို့ကြောင့် ယခုဖြစ်စဉ်မျိုးလုပ်ကြံမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့်သိရှိပြီး မီဒီယာများအနေဖြင့် မှန်ကန်သည့်ဘက်က မိမိတို့နိုင်ငံဘက်က ရပ်တည်သွားနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် မိမိအနေဖြင့် ပြောလိုပါကြောင်းဖြေကြားသည်။

**Bullet ဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေ**က ယခင်ကလည်း မေးဖူး၊ ဖြေဖူးခဲ့သည့် မေးခွန်းတစ်ခုဖြစ်ပါကြောင်း၊ NLD လက်ထက်က မြန်မာနိုင်ငံကလွှဲလိုက်သည်ဟုဆိုသည့် ဒေါ်လာ



Trend ဂျာနယ်မှ သတင်းထောက်ချုပ် Online ဝဏ္ဏ

တစ်ဘီလီယံကိစ္စ ဖြစ်ပါကြောင်း၊ တစ်ဘီလီယံသည် အမေရိကန်ဘဏ်ကို ရောက်သွားသည်၊ လွှဲလိုက်သည်မှာ သေချာပါကြောင်း၊ စာရင်းဇယားသာ ရောက်သွားသည်ဆိုသော်လည်း NUG က မရမကတောင်းနေသည်ကို မိမိတို့ တွေ့ရပါကြောင်း၊ တစ်ပဲခြောက်ပြား အလျူငွေဖြင့် လက်နက်ဝယ်နေသည် ကိုပင် အပြစ်မဲ့ပြည်သူများသေနေသည် ကိုတွေ့ရကြောင်း၊ အကယ်၍သာ တစ်ဘီလီယံကို ၎င်းတို့ရသွားပါက အတောမသတ်နိုင်သည့်သတ်ဖြတ်မှုများ ဖြစ်လာနိုင်သည့် အလားအလာရှိပါကြောင်း၊ ထို့ကြောင့် သွားလွှဲသူကမည်သူ၊ ယင်းကဲ့သို့လွှဲရန် အမိန့်ပေးသူက မည်သူဖြစ်ကြောင်း၊ ထိုသို့စာရင်းဇယားလွှဲသည်ဆိုပါက ဥပဒေနှင့်ညီပါသလား၊ မညီပါက မည်သို့အရေးယူရန်ရှိသည်ကို သိလိုပါကြောင်း၊ မြန်မာပြည်နှင့် ဘင်္ဂလားဒေ့ရှ် အကြားတွင် Zero Zone ဟုရှိပါကြောင်း၊ ယင်း Zero Zone သည် နှစ်ဖက်စလုံး မလာရသည့် ကြားနေရာဖြစ်ပါကြောင်း၊ ယင်းနေရာတွင် ထွက်ပြေးသွားသည့် ဘင်္ဂါလီအချို့က အခြေချနေခြင်းများ ရှိပါကြောင်း၊ NLD လက်ထက်က ယင်းနေရာကိုမနေရန် ဘင်္ဂလားဒေ့ရှ်အစိုးရကို ပြောခဲ့သော်လည်း လက်မခံဘဲပယ်ချခဲ့သည်ဟု မိမိတို့သိရှိရပါကြောင်း၊ Zero Zone ထဲတွင် ARSA များရှိနေသည်ကို အိန္ဒိယထောက်လှမ်းရေးက သတင်းပေးသော်လည်း ပယ်ချခဲ့သည်ကို မိမိသိရှိထားပါကြောင်း၊ ထို့ကြောင့် Zero Zone ထဲတွင် ယခုအချိန်အထိရှိနေသည့်ဘင်္ဂါလီများကို မည်သည့်နည်းဖြင့် ဖယ်ရှားခိုင်းမည်ကိုသိလိုပါကြောင်း၊ တစ်ဆက်တစ်စပ်တည်းဖြစ်သည့်အတွက် မိမိတို့ဘက်ကပဲ အင်အားသုံးဖယ်ရှားမည်လား၊ ယခုအတိုင်း အလျှော့ပေးပြီး ဆက်နေခွင့်ပေးမည်လား၊ AA က ပစ်လိုက်သည့်အတွက် သေဆုံးသွားသည့်ဘင်္ဂါလီသည် ယင်း Zero Zone ထဲကဟုသိရပါကြောင်း၊ Zero Zone ထဲကကိစ္စများသည် နှစ်နိုင်ငံဆက်ဆံရေး၏ မီးပွားများဟု မိမိအနေဖြင့် မြင်ပါကြောင်း၊ Zero Zone အတွင်းရှိသည့် ဘင်္ဂါလီများကို မည်ကဲ့သို့ ဖယ်ရှားမည်ကို သိလိုပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နယ်မြေအတွင်းတွင် AA စခန်းသုံးခုရှိသည်ဟု ထောက်ပြထားသည်ကို တွေ့ရပါကြောင်း၊ ယင်းစခန်းသုံးခု ဖယ်ရှားပေးရန်ပြောသကဲ့သို့ Zero Zone အတွင်းက ဒုက္ခသည်စခန်းများကို ပင်မဒုက္ခသည်စခန်းများနှင့် သွားပေါင်းပြီး ထားရန်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရကို တောင်းဆိုရန်ရှိ/ မရှိ သိလိုပါကြောင်း။



သူရိယနေဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး

တပ်မတော်က ခေါ်ယူနေသည့် သင်တန်းများရှိပါကြောင်း၊ အထူးသဖြင့် ကွန်ပျူတာသင်တန်း၊ တပ်ကြပ်ကြီး/စာရေးသင်တန်း စသည့်သင်တန်းများတွင် အသက်ကန့်သတ်ချက်များကို (ကိုဗစ်-၁၉ ရောဂါကြောင့်၊ နိုင်ငံရေးအခြေအနေများကြောင့်) တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် လျှော့ပေးသင့်ကြောင်းကို မိမိအနေဖြင့် အကြံပြုတင်ပြလိုပါကြောင်း၊ တချို့သည် တပ်မတော်ထဲဝင်ရန် ဆန္ဒပြင်းပြပြီး အသက်ခြောက်လခန့်ကျော်သွားခြင်းရှိပါကြောင်း၊ အရာရှိသင်တန်းများကို အသက်ကန့်သတ်ချက်ထားသည်ကို မဆိုလိုသော်လည်း အခြားအဆင့်သင်တန်းများကို ဖြေလျှော့ပေးရန်ဖြစ်နိုင်ပါသလား သိလိုပါကြောင်းမေးမြန်းသည်။

**စာချုပ်နှစ်ခုရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တစ်ဘီလီယံကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများအနေဖြင့် စုံစမ်းစစ်ဆေးဆဲဟုပြောလိုပါကြောင်း၊ စာရင်းမဲ့ပြုလုပ်ခဲ့သည့်အတွက် လုပ်ပိုင်ခွင့်ကျော်လွန်ခြင်းရှိ၊ မရှိများနှင့် ပတ်သက်ပြီး အချိန်တန်ရင်သိရပါမည်ဟု ပြောလိုပါကြောင်း၊ **ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်ခြားကိစ္စနှင့် ပတ်သက်ပြီး မြန်မာမီဒီယာအများစုကိုပါ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ Zero Zone ဆိုသည့် အသုံးအနှုန်းသည် ဘင်္ဂလားဒေ့ရှ်ဘက်က လိုချင်နေသည့်အသုံးအနှုန်း၊ တချို့သောအဖွဲ့အစည်းများက လိုချင်နေသည့် အသုံးအနှုန်းဖြစ်ပါကြောင်း၊ Zero Zone ကို မိမိတို့မီဒီယာများအနေဖြင့် နောင်တွင်မသုံးကြရန် ပြောလိုပါကြောင်း၊ အဓိပ္ပာယ်များစွာပါသည့် အသုံးအနှုန်းဖြစ်ပါကြောင်း၊ ၎င်းတို့ကလိုချင်သည့်အတွက် Zero Zone ဟုသုံးခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်ခြားတွင် Zero Zone ဟူ၍မရှိကြောင်း၊** မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတွင် နယ်စပ်ထိစပ်မှုက ၁၆၈ ဒသမ ၅၇ မိုင်ခန့်ရှိပါကြောင်း၊ အားလုံးတိုင်းပြီးဖြစ်ပြီး စာချုပ်နှစ်ခုရှိပါကြောင်း၊ ၁၉၈၀ စာချုပ်နှင့် ၁၉၉၈ စာချုပ်ဟူ၍ရှိပါကြောင်း၊ ၁၉၈၀ စာချုပ်ကို အနှစ်ချုပ်ပြီး ပြောရမည်ဆိုပါက နယ်ခြားဒေသတွင်နယ်စပ်မျဉ်း၏ ကိုက် ၅၀၀ အတွင်း၌ အစိုးရဝန်ထမ်းများမှအပ လက်နက်ကိုင်အရပ်သားများဝင်ခွင့်မပြုဟု နှစ်နိုင်ငံသဘောတူပြီးဖြစ်ပါကြောင်း၊ ၁၉၉၈ သဘောတူညီချက်ဆိုသည်မှာ ၁၂-၁၁-၁၉၉၈ တွင် ကုန်းတွင်းနယ်နိမိတ်စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်၏ တစ်ဖက် ပေ ၁၅၀ အတွင်း မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခွင့်မရှိဖြစ်ပါကြောင်း၊ နယ်ခြားဒေသ



Eleven Media မှ သတင်းထောက် ဦးအောင်မင်းသိန်း

စည်းမျဉ်းဖြစ်ပါကြောင်း၊ Zero Zone နှင့်လုံးဝမသက်ဆိုင် ပါကြောင်း၊ မြန်မာနိုင်ငံမှ မြန်မာ- ဘင်္ဂလား နယ်စပ်တွင် နယ်စပ်ခြံစည်းရိုးဆောက်ပါကြောင်း၊ ယင်းနယ်စပ်ခြံစည်းရိုးသည် စည်းမျဉ်းနှင့်အညီ ဆောက်လုပ်ခြင်း ဖြစ်ကြောင်း၊ နယ်စပ်ခြံစည်းရိုး၏နောက် ပေ ၁၅၀ သည် မြန်မာနိုင်ငံ၏နယ်နိမိတ် သာဖြစ်ကြောင်း၊ နယ်စပ်မျဉ်း၏နောက် ပေ ၁၅၀ ဆုတ်ပြီး ဆောက်ထားခြင်းဖြစ်ကြောင်း၊ တချို့နေရာများတွင် စာချုပ်များ ရှိပြီးဖြစ်သည့်အတွက် လိုက်နာနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများအနေဖြင့် ARSA စခန်းများ ယင်းတို့အထဲတွင်ရှိနေသည်များကို အသိပေးခဲ့ခြင်းများရှိပါကြောင်း၊ ARSA သည် ယခင်မောင်တောဒေသတွင် ပဋိပက္ခများဖြစ်ပွားစဉ်ကပင် ထွက်ပြေးသူများသည် မည်သည့်နေရာတွင် နေကြောင်း၊ အထောက်အထားအပြည့်အစုံဖြင့် ၎င်းတို့နိုင်ငံအတွင်းတွင် လှုပ်ရှားနေသည့်ပုံများ၊ ၎င်းတို့နိုင်ငံအတွင်း ဆောင်ရွက်နေသည့်ပုံများ၊ ၎င်းတို့နိုင်ငံအတွင်း မည်သည့်နေရာတွင် ရှိသည်ဆိုသည့် အထောက်အထားကို ဘင်္ဂလားဒေ့ရှ်ကို အမြဲပေးပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း မိမိတို့ဘက်အတွင်းရှိသည်များကို ပေးပါကြောင်း၊ မိမိတို့အနေဖြင့် အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်ဆံရေးမူဝါဒသည် မိမိတို့အိမ်နီးနားချင်းနိုင်ငံများကို ဆန့်ကျင်ပြီးနေသည့် အဖွဲ့အစည်းများကို မြန်မာမြေထဲတွင် အခြေချခွင့်မပေးပါကြောင်း၊ အခြားနိုင်ငံများကလည်း အလားတူတုံ့ပြန်နိုင်မှုရှိရန်လိုပါကြောင်း၊ ၁၉၈၀ ပြည့်နှစ်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊ ၁၉၉၈ ခုနှစ် ကုန်းတွင်းပိုင်းနယ်နိမိတ်စာချုပ်များတွင် စာချုပ်ပါအတိုင်း နှစ်နိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံများပီသစွာ လိုက်နာသွားရန်လိုအပ်သည်ဟုပြောလိုပါကြောင်း၊ လိုက်နာမှုများနှင့်ပတ်သက်ပြီး ချို့ယွင်းချက်များ ချိုးဖောက်မှုများရှိခဲ့ပါက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြောဆိုခြင်း၊ ထောက်ပြခြင်းများကို ဆက်လက်ပြီး သံတမန်ရေးရာနည်းလမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်ကြပ်ကြီး/စာရေးကိစ္စကို သက်ဆိုင်ရာ ဌာနများနှင့်ပြန်တင်ပြပြီး ပြန်လည်ညှိနှိုင်းကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခင်ကလည်း ဗိုလ်သင်တန်းခေါ်သည့်အချိန်တွင် စစ်တက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်အင်ဂျင်နီယာတက္ကသိုလ် ခေါ်သည့်အချိန်တွင် ခြောက်လ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါကြောင်း၊ တချို့သည် အကန့်အသတ်များရှိနိုင်ပါကြောင်း၊ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ဆောင်ရွက်ပေးမည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**Trend ဂျာနယ်မှ သတင်းထောက်ချုပ် Online ဝဏ္ဏ**က NUG ဝန်ကြီးဖြစ်သည့် လွင်ကိုလတ်သည် ပြီးခဲ့သည့်ရက်ပိုင်းတွင် Non-CDM များကို အကြမ်းဖက်ဥပဒေနှင့်တရားစွဲမည်၊ ဖမ်းဝရမ်းထုတ်မည်ဟု ပြောဆိုခဲ့ကြောင်း၊ နောက်ပြီး NUG ကို ထောက်ခံသည့် တစ်ယောက်ကလည်း Non-CDM များကို သတ်ဖြတ်သည်အထိ ပြောဆိုကြောင်း၊ NUG အဖွဲ့သားများဘက်ကလည်း အလားတူခြိမ်းခြောက်ခြင်းများရှိကြောင်း၊ ထိုသို့ဝေဖန်ပြောဆိုမှုများ ထွက်လာကြောင်း၊ ထူးခြားသည်မှာ လွင်ကိုလတ်အပါအဝင် ပြောဆိုခဲ့သူသည် ၎င်းတို့အခေါ်အဝေါ် (စကစ)က လွှတ်ထားသည့်သူများဟု စွပ်စွဲပြောဆိုမှုများရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ NUG ဘက်သို့ တစ်နည်းအားဖြင့် သူလျှိုများစေလွှတ်ထားခြင်း ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**အစွန်းရောက်ထောက်လှမ်းရေးအဖွဲ့**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းကိစ္စများရှိလျှင်ပင် ပြော၍မရကြောင်း၊ မရှိဘူးဟုလည်း ပြောမရကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လျှင် နိုင်ငံတော်အဆင့် လုပ်သင့်လုပ်ထိုက်သည်များကို မျိုးစုံလုပ်ဆောင်ကြောင်း၊ တချို့သောဇာတ်လမ်းများကို အချိန်တန်မှသိရကြောင်း၊ မော့ဆက်က နာမည်ကြီးသည့် အလီကိုဟင်သည် အာရပ်နိုင်ငံများကို ထိုးဖောက်ခဲ့ကြောင်း၊ အနည်းဆုံး သမ္မတအကြံပေး၊ ဝန်ကြီးချုပ်အကြံပေးအထိဖြစ်သွားကြောင်း၊ အမှန်တကယ်၎င်းသည် အစွန်းရောက်ထောက်လှမ်းရေးအဖွဲ့ မော့ဆက်မှဖြစ်ကြောင်း၊ ၎င်း၏ဇာတ်လမ်းဆိုလျှင် နှစ် ၃၀၊ ၄၀ မှပေါ်လာကြောင်း၊ တချို့ကိစ္စများကိုလည်း မိမိတို့အနေဖြင့် သိနိုင်တာမရှိကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၁၈ သို့ ☆

✯ စာမျက်နှာ ၁၇ မှ

**သူရိယနေဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး**က တစ်နှစ်ကျော်ကြာအထိ ငြိမ်းချမ်းနေသည့်ရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံ၏နယ်ခြားစောင့်ရဲကင်းစခန်းများကို AA အဖွဲ့က စတင်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့် မြန်မာ့တပ်မတော်အနေဖြင့် ပြန်လည်ခုခံတိုက်ခိုက်နေရသည်ဟု ကြားသိရကြောင်း၊ တစ်ချိန်တည်းတွင် AAအဖွဲ့အပါအဝင် မြောက်ပိုင်းမဟာမိတ်အဖွဲ့များသည် UWSA ၏ဌာနချုပ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်ဟုသိရကြောင်း၊ ထိုဆွေးနွေးပွဲတွင် AA အဖွဲ့က UWSA အဖွဲ့ထံသို့ လေယာဉ်ပစ်လက်နက်များ အကူအညီတောင်းခံခဲ့သည်ဟု ထိုဆွေးနွေးပွဲနှင့် နီးစပ်သူတချို့ထံမှ ပြန်လည်ပြောကြားချက်များအရ ကြားသိရကြောင်း၊ ယခုကဲ့သို့သောအချိန်မျိုးတွင် UWSA ဌာနချုပ်၌ မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေ့ဆုံခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့မှတ်ချက်ပြုမည်ကို သိလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲလမ်းကြောင်းပေါ်သို့ သတ္တိရှိရှိရောက်မလာရဲသေးသည့် AA အဖွဲ့သည် ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးကို ပျက်ပြားစေရုံသာမက မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးကိုပါ ထိခိုက်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် AA အဖွဲ့ကို မည်သို့တုံ့ပြန်သွားမည်ကိုသိလိုပါကြောင်းနှင့် နယ်ခြားစောင့်ရဲကင်းစခန်းများကိုလည်း လူအင်အား၊ လက်နက်အင်အား ထပ်မံတိုးချဲ့သွားရန် အစီအစဉ်ရှိ / မရှိ သိလိုပါကြောင်းမေးမြန်းသည်။

**ငြိမ်းချမ်းရေးဆွေးနွေးသည့်**
**အဖွဲ့ ၁၀ ဖွဲ့**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က UWSA တွင် AA အဖွဲ့နှင့်တွေ့ဆုံခြင်းကို သတင်းများတွင် တွေ့ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းချက်အစီရင်ခံစာများနှင့် တချို့သောသတင်းများ မိမိတို့ထံမှ ရရှိထားပြီးဖြစ်ကြောင်း၊ UWSA အဖွဲ့သည် မိမိတို့နှင့်ငြိမ်းချမ်းရေးဆွေးနွေးသည့်အဖွဲ့ ၁၀ ဖွဲ့ထဲတွင်ပါဝင်ကြောင်း၊ ဒုတိယအကြိမ် ဆွေးနွေးသည့်အဖွဲ့ ခြောက်ဖွဲ့ထဲတွင်လည်းပါဝင်ကြောင်း၊ ၎င်းတို့လိုချင်သည့် ရည်မှန်းချက်၊ လုပ်ဆောင်ချင်သည့် အချက်များကို နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပွင့်လင်းစွာ ဆွေးနွေးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်သည့်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် အခြေအနေပေးနေသည့်အချိန်တွင် ဆက်လက်လျှောက်လှမ်းကြရန် ပြောကြားလိုကြောင်း၊ ထိုကဲ့သို့မလုပ်ဆောင်ဘဲ နိုင်ငံတော်ကို အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူများကို အားပေးနေလျှင် ငြိမ်းချမ်းရေးလမ်းကြောင်းနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သွားနိုင်သည်ဟုပြောလိုကြောင်း၊ AA အဖွဲ့နှင့်ပတ်သက်ပြီး BP–40 အနီး စခန်းအား တိုက်ပြီးသည့်နောက်ပိုင်းတွင် တပ်မတော်အနေဖြင့် လိုအပ်သည့် တုံ့ပြန်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့် တုံ့ပြန်ဆောင်ရွက်မှုများကို မီဒီယာအနေဖြင့်လည်း သတင်းများတွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထု၏ ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် လိုအပ်သည့်တုံ့ပြန်မှု၊ ထိရောက်သည့်တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းကြောင်းကို မလျှောက်လှမ်းချင်သည့်အတွက် ဦးစွာ အင်အားနည်းသည့် နယ်ခြားစောင့်ရဲကင်းစခန်းများကို ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ဝင်ရောက်တိုက်ခိုက်သည့်နောက်ကွယ်၌ အကြံအစည်များစွာရှိကြောင်း၊ ထိုအကြံအစည်များကိုလည်း မိမိတို့အနေဖြင့် သိရှိပြီးဖြစ်ကြောင်း၊ လိုအပ်သည့် တုံ့ပြန်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

**Eleven Media မှ သတင်းထောက် ဦးအောင်မင်းသိန်း**က လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ငန်းသစ်များလွှဲပြောင်းဝယ်ယူခြင်းများ ရှိလာကြောင်း၊ ထိုကိစ္စများတွင် ဟွန်ဒီများနှင့်ငွေလွှဲပြီး လုပ်ဆောင်ခြင်းများရှိကြောင်း၊ ထိုသို့လုပ်ဆောင်သည့်အတွက် နိုင်ငံခြားငွေကြေးဈေးကွက်တွင် ငွေလဲလှယ်မှုနှုန်း ရိုက်ခတ်ခြင်းများ ဖြစ်လာနိုင်ကြောင်း၊ ယင်းနေရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏက တချို့ဆိုလျှင် ဒေါ်လာသန်းရာချီရှိကြောင်း၊ ထိုသို့များပြားသည့်အတွက် နိုင်ငံခြားငွေကြေးဈေးကွက်တွင် ဗဟိုဘဏ်က သတ်မှတ်ထားသော ငွေလဲလှယ်နှုန်းထက် များသည့်ပမာဏကို ဆွဲတင်ပြီး ဈေးကစားကြသူများလည်း ရှိလာနိုင်ကြောင်း၊နိုင်ငံခြား ကုမ္ပဏီအနေဖြင့်လည်း FDI ဝင်လာသည့်အချိန် တစ်ဖက်လှည့်ဖြင့် မြန်မာများက ဝယ်ယူခြင်းများလည်း ရှိကြောင်း၊ ထိုအခြေအနေများရှိသည့်အတွက် ထိုမှဝင်ရောက်လာသည့် ငွေကြေးများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက မည်သို့စိစစ်ဆောင်ရွက်ထားပါသလဲ၊ ဥပမာအနေဖြင့် Ooredoo Myanmar ဆက်သွယ်ရေးကုမ္ပဏီကို မြန်မာပိုင်စင်ကာပူကုမ္ပဏီတစ်ခုက ဒေါ်လာ ၅၇၆ သန်းဖြင့် ဝယ်ယူခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုသည် ပမာဏကြီးမားကြောင်း၊ ယင်းမှ ငွေကြေးအမြောက်အမြား ပြည်တွင်းထဲသို့ စီးဝင်လာမည်ဖြစ်သည့်အတွက် ငွေကြေးစီးဆင်းမှုနှင့်ပတ်သက်ပြီး စိစစ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိနှင့် ထိုရင်းနှီးမြှုပ်နှံမှုမှ ဝင်ရောက်လာမည့် ငွေကြေးများနှင့်ပတ်သက်ပြီး ငွေကြေးခဝါချမှုများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ငွေကြေးများမဖြစ်စေရန်နှင့် ထိုငွေကြေးများသည် တိုင်းပြည်အတွက် စီးပွားရေးများကိုလည်း ရိုက်ခတ်နိုင်သည့် အထိဖြစ်လာနိုင်ကြောင်း၊ ငွေကြေးဈေးကွက်တွင်လည်း ကမောက်ကမဖြစ်လာနိုင်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့စိစစ်ဆောင်ရွက်ထားပါသလဲ၊ စိစစ်ဆောင်ရွက်ပြီးသွားပြီဆိုလျှင် အများပြည်သူများသိရှိရန်အတွက် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဘဏ်လုပ်ငန်းများတွင်**
**မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ငွေကြေးဈေးကွက်တွင် နိုင်ငံခြားငွေဈေးနှုန်း မြင့်တက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသည့်ကိစ္စများတွင် ဘဏ်များ ပါဝင်ပတ်သက်မှုမရှိစေရန်အတွက် ဗဟိုဘဏ်မှဘဏ်များသို့ ကန့်သတ်မှုများ၊ ပြောဆိုမှုများ၊ အသိပညာပေးခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ သတ်မှတ်ငွေလဲလှယ်နှုန်းထက် ပိုမိုဆောင်ရွက်နေကြသည့် ငွေလဲသည့်ကောင်တာများကိုလည်း လုပ်ငန်းနှင့်ပတ်သက်ပြီး လုပ်ငန်းလိုင်စင်သတိပေးခြင်း၊ လုပ်ငန်းလိုင်စင်ရုပ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍသို့စီးဝင်လာသည့်ငွေများ၊ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် မညီသည့်ငွေကြေးမျိုး မဖြစ်စေရန်အတွက် ဘဏ်လုပ်ငန်းများတွင် မတည်ရင်းနှီးငွေ တိုးမြှင့်ခြင်းအတွက် ဝင်ရောက်လာသည့် ငွေများကိုလည်း စစ်ဆေးမှုများပြုလုပ်ကြောင်း၊ ငွေကြေးခဝါချမှု ရှိ၊ မရှိ၊ အခွန်ဆောင်ခြင်း ရှိ၊ မရှိ စိစစ်ခြင်းကို သက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ရှိသည့် စီးပွားရေးနှင့်ပတ်သက်သည့်အဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးနေသည့် အဖွဲ့အစည်းများ၊ ငွေကြေးစီးဆင်းမှုများကို စုံစမ်းစစ်ဆေးနေသည့်အဖွဲ့များနှင့် လုပ်ဆောင်နေကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍအတွင်းသို့ ပြည်ပမှမတည်ရင်းနှီးမြှုပ်နှံမှုဝင်လာလျှင် ရင်းနှီးမြှုပ်နှံမှုအထောက်အထားများ၊ Share Holder စာရင်းများ၊ သက်ဆိုင်ရာသံရုံးများမှ ရင်းနှီးမြှုပ်နှံမှုကိစ္စအပေါ်တွင် သဘောထားမှတ်ချက်တောင်းခံခြင်း၊ သက်ဆိုင်ရာနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင်ထားသည့် အထောက်အထားများ၊ နှစ်ဦးနှစ်ဖက်သဘောတူညီထားသည့် စာချုပ်များကို စိစစ်ခြင်း၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့များမှ စုံစမ်းစစ်ဆေးသည့် သဘောထားမှတ်ချက်တောင်းခံခြင်းများကို အဆင့်ဆင့်လုပ်ဆောင်ရကြောင်း၊ တော်ရုံတန်ရုံဖြင့် လုပ်၍မရကြောင်း၊ Ooredoo Myanmar ဆက်သွယ်ရေးကုမ္ပဏီနှင့် ပတ်သက်ပြီး မြန်မာပိုင်စင်ကာပူကုမ္ပဏီမှဝယ်ယူသည့် ကိစ္စသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို တရားဝင်တင်ပြထားခြင်း မရှိသေးကြောင်း၊ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံလျှင် Cash In ဝင်လာမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို အားပေးကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းမှုအဖွဲ့အစည်းနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုဘဏ်၏ ၁၃-၇-၂၀၂၂ ရက်နေ့ ညွှန်ကြားချက်အမှတ်(၈/၂၀၂၂) အရ နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းက ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သည့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို အကျိုးတူရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ညွှန်ကြားချက်လည်း ရှိကြောင်း၊ လုပ်ဆောင်ရမည့် ကန့်သတ်ချက်စာရွက်စာတမ်းများရှိကြောင်း၊ ကန့်သတ်ချက်စာရွက်စာတမ်းအချက် ၂၁ ချက်ရှိကြောင်း၊ ယင်းတို့ကို မှီငြမ်းကြည့်လျှင် ပိုပြီးခိုင်မာလာမည်ဟု ရှင်းလင်းဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

■

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၂၀ နှင့် မိသားစုဝင် ရှစ်ဦးတို့က မင်္ဂလာဒုံမြို့နယ် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)၌ စုပေါင်းသွေးလှူဒါန်းရာ ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် ဝင်းမင်းသိန်း၊ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးလင်းဦး၊ အမှတ်(၅) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး ဉာဏ်ဝင်းဦး၊ အမှတ် (၉) လုံခြုံရေးရဲတပ်ခွဲမှ တပ်ထောက်အရာရှိ ဒုတိယရဲမှူး ဇော်မျိုးမင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ သျှင်ဝင်းသျှင်





(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၍ သီပေါမြို့နယ် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက်တွင် သီပေါမြို့ ပြည်သူ့ဆေးရုံ၌ စုပေါင်း သွေးလှူဒါန်းကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်မြတ်က သွေးလှူရှင် ရဲတပ်ဖွဲ့ဝင်များအား အာဟာရ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။

၂၀

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေ ရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့်ဥတို့ကိုသေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

( ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

( ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

( င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သောပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကို မတင်ရ။

( စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

( ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

( ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့်ကိရိယာ မတပ်ဆင်ရ။

( ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

( ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

( ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။

( ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ညအချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ် မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

( ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

( ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကျောက်ဆည်မြို့နယ်၌ မိုးစပါးစိုက်ခင်း ငါးကေအား ကြားပေါင်းလိုက်စက်ဖြင့် တမန်းနှိုး၊ ကြားပေါင်းလိုက်ခြင်း သရုပ်ပြ

ကျောက်ဆည် စက်တင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ယနေ့နံနက် ၉ နာရီက မြောင်းဦးကျေးရွာ ကွင်းအမှတ်(၁၈၁) ဦးပိုင်အမှတ်(၃၅-က) တောင်သူဦးအောင်စိုး၏ မိုးစပါး ငါးကေအား လုပ်သားရှားပါးမှုနှင့် အချိန်ကုန်သက်သာရေး ကြားပေါင်းလိုက်စက်ဖြင့် တမန်းနှိုး၊ ကြားပေါင်းလိုက်ခြင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ စပါးစိုက်တောင်သူ ၃၀ ခန့် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်းနှင့် ခရိုင် စက်မှုလယ်ယာဦးစီး



ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ကြားပေါင်းလိုက်စက်သည် ကောက်စိုက်စက်ဖြင့်တွဲဖက်၍ အသုံးပြုနိုင်သကဲ့သို့ တိုက်ရိုက်အစေ့ချပက်ကြဲစိုက်ပျိုးထားသည့် စပါးခင်းများတွင်လည်း အသုံးပြု၍ရနိုင်ကြောင်း၊ ကြားပေါင်းလိုက်စက်အသုံးပြုခြင်းအားဖြင့် တောင်သူများအနေဖြင့် လုပ်ငန်းပြီးစီးမှုမြန်ဆန်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ အလုပ်သမားရှာဖွေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ လက်တွန်းကြားပေါင်းလိုက်ကိရိယာများနှင့် လုပ်ငန်းဆောင်ရွက်ခြင်းထက် ပို၍ လုပ်ငန်းတွင်ကျယ်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းပေးခြင်းနှင့် တမန်းနှိုးခြင်းများ ဆောင်ရွက်ပေးမှုကြောင့် မြေဆီလွှာမှ အာဟာရဓာတ်များအား စပါးပင်များ ကောင်းစွာစုပ်ယူ စားသောက်နိုင်၍ စပါးအထွက်နှုန်းတိုးခြင်း စသည့်အကျိုးကျေးဇူးများရရှိမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ရာ တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ၂၀၂၂-၂၀၂၃ မိုးရာသီတွင် ရောမင်း၊ မနောသုခ၊ ရွှေမနော်၊ ပေါ်ဆန်းဘေးကြား စပါးမျိုးများ အဓိကထားပြီး ပျိုးထောင်စိုက်ပျိုးခြင်း ၁၄၈၁၈ ဧက၊ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း ၃၇၆၄၃ ဧက စုစုပေါင်း ၅၂၄၆၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **သက်မောင်(ကျောက်ဆည်)**



(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက် နံနက်၇ နာရီခွဲက ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မင်းဗန္ဓုစေတီတော် မြတ်ကြီးဝင်းအတွင်းရှိ ပေါင်းမြက်များ၊ ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## ချောင်းသာမြို့၌ ပလတ်စတစ်အိတ် မသုံးစွဲရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

**ချောင်းသာ စက်တင်ဘာ ၂၅**

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာမြို့ စည်ပင်သာယာရေးကော်မတီက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးနှင့် ပြည်သူများ တစ်ခါသုံးပလတ်စတစ်အိတ်များ လျှော့ချသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ရွှေသာယာမြို့မဈေးတွင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးရောင်းချခြင်းမရှိစေရန်အတွက် စစ်ဆေးခြင်းနှင့် အသိပညာပေး



ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်လှမိုးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ လိုက်ပါ၍ ဈေးရောင်းချသူများ အနေဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု အန္တရာယ်ကိုလျှော့ချနိုင်ရန်အတွက် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးရောင်းချခြင်း ရှိ၊ မရှိ ငှက်ပျောဖက်၊ အင်ဖက်၊ သတင်းစာစက္ကူများဖြင့်သာ ထုပ်ပိုးရောင်းချစေရေးတို့ကို စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ချောင်းသာမြို့တွင် တစ်ခါသုံး ပလတ်စတစ်အိတ်များ လျှော့ချသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ပြီး ဈေးရောင်း၊ ဈေးဝယ်များ ပလတ်စတစ် လျှော့ချသုံးစွဲရေးတို့ကို ဈေးများအတွင်း လှည့်လည်အသိပညာပေးခြင်းများနှင့် လိုက်လံစစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီး ဥာဏ ဦးဆောင်ပြီး မြို့နယ်ရဲမှူးခင်စိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်ဦးစီး၍ တပ်ဖွဲ့ဝင် ငါးဦး စုစုပေါင်း ၃၀ တို့က စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီက အထက(၂) သာယာဝတီ ကျောင်းဝင်းအတွင်း၊ အပြင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)

ပုံပြင်

# သူကြွယ်နှင့် သူဆင်းရဲ

မင်းယုဝေ

တစ်ခါသော် နတ်သားတစ်ပါးသည် လူယောင်ဖန်ဆင်းလျက် လူ့ပြည်ကို လှည့်လည်လေ၏။ တစ်ခုသောညနေစောင်းတွင် သူသည် မြို့တစ်မြို့သို့ ရောက်ရှိလာ၏။ သူသည် ထိုညအဖို့ အိပ်စက်နားနေရန် အိမ်ကိုရှာလေသော် မနီးမဝေး၌ အိမ်နှစ်လုံးကို မြင်လေသည်။ ထိုအိမ်နှစ်လုံးမှာ တစ်အိမ်နှင့်တစ်အိမ် မျက်နှာချင်းဆိုင်လျက်တည်ရှိသည်။ သို့ရာတွင် တစ်အိမ်မှာ သားနား၍ တစ်အိမ်မှာကား စုတ်ချာလှပေသည်။

သားနားလှသောအိမ်၏အရှင်ကား သူကြွယ်တစ်ဦးဖြစ်လေသည်။ စုတ်ချာသောအိမ်ပိုင်ရှင်မှာမူ သူဆင်းရဲတစ်ယောက်ဖြစ်လေသည်။ ထိုအခါ နတ်သားသည် သူကြွယ်၏အိမ်တွင် တည်းခိုရန် ဆုံးဖြတ်လိုက်လေသည်။ သို့မှသာ ဆင်းရဲသူကို ဒုက္ခပေးရာမရောက်ဖြစ်ပေမည်။ ထို့အပြင် သူကြွယ်မှာလည်း လူတစ်ယောက်ကို လက်ခံရခြင်းဖြင့် များစွာတာဝန်ကြီးမည်မဟုတ်ဟု သူက ယူဆမိလေသည်။ ထို့ကြောင့် သူသည် သူကြွယ်၏အိမ်တံခါးကိုသွား၍ခေါက်လေ၏။ သူကြွယ်သည် ပြတင်းပေါက်ကိုဖွင့်၍ ကြည့်ရှုကာ အကျိုးအကြောင်းမေးမြန်းလေသည်။ နတ်သားက သူ့အား တစ်ညမျှ ထိုအိမ်တွင် တည်းခိုခွင့်ပြုရန် တောင်းပန်သည်။ ရှေးဦးစွာ သူကြွယ်သည် ခရီးသည်အသွင်ရှိသော နတ်သားအား ခြေဆုံးခေါင်းဆုံးကြည့်ရှုအကဲခတ်သည်။ ထို့နောက် နတ်သား၏ဆင်းရဲနွမ်းပါးသောအဝတ်အစားနှင့် ရုပ်သွင်ကို မြင်လျှင် ငြင်းပယ်လိုက်လေသည်။

သူကြွယ်က... "အသင်ခရီးသည်၊ ကျွန်ုပ်အိမ်တွင် နေရာလွတ်ဟူ၍ မရှိပါ။ ထို့ပြင် အိမ်တံခါးလာခေါက်သူတိုင်းကို တည်းခိုခွင့်ပေး၍ ကျွေးမွေးပြုစုနေပါက မကြာမီ ကျွန်ုပ်သည် တောင်းစားရသည့်ဘဝသို့ ရောက်ရပါလိမ့်မည်။ ထို့ကြောင့် သင့်အား ကျွန်ုပ်အိမ်တွင် တည်းခိုခွင့် မပြုနိုင်ပါ၊ အခြားနေရာမှာသာ ရှာပါလေလော့" ဟုဆို၏။ ထို့နောက် သူကြွယ်သည် ပြတင်းတံခါးကိုပိတ်လိုက်လေသည်။

နတ်သားသည် ချက်ချင်းပင် သူဆင်းရဲ၏ အိမ်သို့သွားလေ၏။ သူဆင်းရဲကား သူတံခါးမခေါက်မီကပင်ဖွင့်၍ သူ့အားကြိုနှင့်ပြီးဖြစ်လေသည်။ သူဆင်းရဲက ညအချိန်ရောက်နေပြီဖြစ်သောကြောင့် ခရီးဆက်လက်သွားခြင်းငှာမသင့်ကြောင်း သူ့အားပြောဆိုလေသည်။ နတ်သားလည်း ကျေနပ်ဝမ်းမြောက်စွာ သူဆင်းရဲ၏အိမ်တွင်းသို့ ဝင်ရောက်၏။ သူဆင်းရဲ၏ဇနီးကလည်း သူ့အား ကြင်နာဖော်ရွေစွာဖြင့် ခရီးဦးကြိုပြုလေသည်။

ထို့နောက် သူဆင်းရဲလင်မယားသည် ဧည့်သည်အား တတ်စွမ်းသမျှ ချက်ပြုတ်ကျွေးမွေးလေသည်။ နတ်သားသည် အိမ်သားများနှင့် အတူမြိန်ရှက်စွာ စားသောက်လေသည်။ သူတို့၏အစာမှာကောင်းမွန်လှသည်မဟုတ်သော်လည်း ကျေနပ်ပျော်ရွှင်စွာစားရသည်ဖြစ်သောကြောင့် အလွန်ပင်အရသာရှိပေသည်။ စားသောက်ပြီးကြသော် အိမ်ရှင်လင်မယားသည် သူတို့အိပ်သောအိပ်ရာကို ခရီးပန်းလာသော ဧည့်သည်အား ပေးသည်။ သူတို့မူ ကောက်ရိုးများပေါ်၌ အိပ်ရန်ပြင်ဆင်လေသည်။ ထိုအခါ ခရီးသည်က အိပ်ရာတွင်မအိပ်လိုကြောင်း အတန်တန်ငြင်းပယ်လေသည်။ သို့သော် အိမ်ရှင်များက ဇွတ်အတင်းတိုက်တွန်းကြသည်နှင့် လက်ခံလိုက်ရလေတော့၏။

နံနက်လင်းသောအခါ အိမ်ရှင်များသည် သူတို့တွင်ရှိသမျှ အကောင်းဆုံးသောအစားအသောက်များကို ဧည့်သည်အား တစ်ဖန်ကျွေးမွေးကြပြန်လေ၏။ ဧည့်သည်သည် စားသောက်ပြီးနောက် ခရီးဆက်ရန် ပြင်လေ၏။ သို့သော် သူသည် ရုတ်တရက်ထွက်မသွားသေးဘဲ တံခါးဝ၌ ခေတ္တရပ်တန့်လေသည်။ ထို့နောက် အိမ်ရှင်များဘက်သို့ လှည့်၍...

"အဆွေတို့ သင်တို့သည် ဘုရားတရားလည်း ကြည်ညိုကြသည်။ သူတစ်ပါးကိုလည်းကြင်နာကြသည်။ ကူညီစောင့်ရှောက်ခြင်းလည်း ပြုကြသည်။ ထို့ကြောင့် သင်တို့အား ကျွန်ုပ်ဆုပေးခဲ့မည်။ အလိုရှိရာဆုသုံးခုကို တောင်းပါလော့။ မုချပြည့်ဝစေရပါမည်" ဟု ဆို၏။ ထိုအခါ သူဆင်းရဲက...

"အဆွေ၊ ကျွန်ုပ်အဖို့ ပျော်ရွှင်ခြင်းဆုကိုသာ အလိုရှိပါသည်။ လောက၌ ထိုဆုထက်သာလွန်ကောင်းမြတ်သောဆုဟူ၍ မရှိနိုင်ပါ။ ထို့ပြင် ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ဦးသည် ကျန်းမာသန်စွမ်းစွာရှိ၍ နေ့စဉ်စားရန်တို့အတွက် အစာလည်းရှိပါသည်။ ထို့ကြောင့် မည်သည့်ဆုမျိုးကိုတောင်းရမည်ပင် ကျွန်ုပ်တို့ မတွေးတတ်ပါ"ဟု ရိုးသားစွာနှင့် တပ်မက်ခြင်းကင်းစွာ ပြန်ပြောလေ၏။ ဤတွင် နတ်သားက...

"သင်တို့အတွက်အိမ်ကောင်းတစ်လုံးရသော် မကောင်းပါလော" ဟု မေးမြန်း၏။

ထိုစကားကို ကြားလျှင် သူဆင်းရဲလည်း အကြံရကာ သူတို့၏ အိမ်စုတ်ကလေးရှိရာနေရာ၌ပင် အိမ်သစ်တစ်လုံးရရန် ဆုတောင်းလေ၏။ နတ်သားလည်း ချက်ချင်းပင် သူ၏တန်ခိုးဖြင့် အိမ်သစ်တစ်လုံး ဖန်ဆင်းပေးလိုက်၏။ ထို့နောက် သူသည် သူဆင်းရဲလင်မယားကို နှုတ်ဆက်ကာ ထွက်ခွာသွားလေ၏။

အတန်နေမြင့်လတ်သော် သူကြွယ်သည် အိပ်ရာမှ နိုးလေ၏။ သူသည် ပြတင်းပေါက်ကို ဖွင့်လိုက်သောအခါ အံ့အားသင့်သွားသည်။ သူ၏မျက်စိကိုပင် မယုံကြည်နိုင်အောင်ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် သူ့အိမ်ရှေ့တွင် မြင်နေကျ စုတ်ချာယိုင်နဲ့သော အိမ်ငယ်ကလေး မရှိတော့။ ယင်းအစား အုတ်ကြွပ်မိုးအနီကလေးဖြင့် လှပသစ်လွင်သော အိမ်ကောင်းတစ်ဆောင်ကို မြင်နေရသောကြောင့် ဖြစ်လေသည်။ သူသည် ဇနီးဖြစ်သူအား ခေါ်၍...

"ရှင်မ ညကပင်ဤနေရာ၌ သူဆင်းရဲ၏အိမ်အိုကလေးကို မြင်ရသေးသည်။ ယခုသော် ညတွင်းချင်း ခံ့ညားသစ်လွင်သော အိမ်တစ်ဆောင်ဖြစ်နေပေပြီ။ အကြောင်းစုံကို စုံစမ်းပါ" ဟု ပြောဆိုစေခိုင်းလေသည်။

သူကြွယ်၏ဇနီးလည်း သူဆင်းရဲ၏အိမ်သို့သွားကာ အဖြစ်အပျက်ကို မေးမြန်း၏။ သူဆင်းရဲလင်မယားလည်း ဟုတ်တိုင်းမှန်ရာကို ပြန်ပြောပေ၏။ သူကြွယ်၏ဇနီးသည် အကြောင်းစုံကိုသိရလျှင် အိမ်သို့ အမြန်ပြန်လာကာ သူကြွယ်အား အလုံးစုံပြန်ပြောပြ၏။ ထိုအခါတွင် သူကြွယ်သည် ခရီးသည်ကို လက်မခံလိုက်မိသည့်အတွက် နောင်တရ၍ မဆုံးဖြစ်လေတော့၏။ စင်စစ်ခရီးသည်သည် သူတို့ထံ ရှေးဦးစွာလာခြင်းဖြစ်ကြောင်း သူက ဇနီးအား ဖွင့်ဟပြောပြ၏။ ဤတွင် ဇနီးသည်က သူ၏ခင်ပွန်းအား ခရီးသည်နောက်သို့ မြင်းဖြင့်လိုက်ကာ ဆုသုံးခု တောင်းရန် အကြံပေးလေ၏။ သူကြွယ်လည်း ဇနီး၏အကြံအတိုင်း မြင်းဖြင့်လိုက်လေရာ မကြာမီ ခရီးသည်အား မီလာလေ၏။ သူသည် ခရီးသည်အား နှစ်လိုဖွယ်စကားတို့ဖြင့် တောင်းပန်စကားပြောကြားလေသည်။ **(ဆက်လက်ဖော်ပြပါမည်)**

**ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





## ကဗျာ

### မီးပွဲ

မီးအိမ်ငဲ့စီ။
ထက်နန်းဝတီသာက
မြတ်ဗုဒ္ဓါ လူ့ရွာဆင်းချိန်မို့
လင်းထိန်ခဲ့ပြီ။
ရွှေပြောင်ပြောင် ငွေရောင်လွှမ်းပါတဲ့
စောင်းတန်းမြတ် စီရရီ
ညီညီကွယ့်ဆင့်ကူး။
ပတ္တမြားရည်
လှေကားနေရာဆီက
ခြောက်ရောင်ခြည် ထိန်ထိန်လက်ပါလို့
မြတ်စိန္တေ လူ့ပြည်သက်တယ်
နေ့ရက်ကထူး။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

**မဟတ္တမဂန္ဒီ**

မိုဟန်ဒ့ါစ်ကရမ်(မ်)ချန်း(ဒ်)ဂန္ဒီသည် အိန္ဒိယနိုင်ငံ ပါဘင်ဒါပြည်နယ်၌ ၁၈၆၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သူသည် ဗြိတိသျှအုပ်ချုပ်မှုလက်အောက်မှ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော အိန္ဒိယခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။ သူသည် အသက် (၇၈) နှစ်အရွယ် ၁၉၄၈ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပါသည်။

မိုဟန်ဒ့ါစ်ကရမ်း(မ်)ချန်း(ဒ်)ဂန္ဒီသည် (၁၄) နှစ်အရွယ်တွင် အိမ်ထောင်ပြုခဲ့သည်။ ထို့နောက် အသက် (၁၈) နှစ်အရွယ်တွင် ဥပဒေပညာကိုလေ့လာသင်ယူရန် လန်ဒန်မြို့သို့ တစ်ဦးတည်းခရီးသွားခဲ့သည်။ သူသည် ၁၈၉၁ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံသို့ ပြန်လာခဲ့ပြီး ဥပဒေပညာရှင်တစ်ဦးအနေဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ရုန်းကန်ကြိုးစားခဲ့ပါသည်။


၁၈၉၃ ခုနှစ်တွင် သူသည် တောင်အာဖရိကတရားရုံး၌ အိန္ဒိယကုန်သည်များ အဖွဲ့အစည်းတစ်ခု၏အမှုကိစ္စကို လိုက်ပါဆောင်ရွက်ရန် ကမ်းလှမ်းခြင်းကို လက်ခံခဲ့ပါသည်။ မကြာမီ တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိပြီးနောက် သူ၏ အသားအရောင်ကြောင့်ဂန္ဒီသည်ပထမတန်းမီးရထားတွဲမှ မောင်းထုတ်ခြင်းခံခဲ့ရပါသည်။ တောင်အာဖရိကနိုင်ငံရှိသူတို့အိန္ဒိယတိုင်းရင်းသားတို့သည် ပိုမိုဆိုးရွားသော နှိမ့်ချခံရခြင်း (အနှိမ်ခံရခြင်း) ခံစားခဲ့ရသည်ကို သိရှိနားလည်သဘောပေါက်ပြီး ဂန္ဒီသည် သူတို့ကို ကူညီရန် တောင်အာဖရိကတွင် နေထိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဂန္ဒီသည် တရားရုံးတွင် သူတို့ကို ကိုယ်စားပြုပြီး အလွန်ချမ်းသာကြွယ်ဝလာသည်။ သို့သော်လည်း သူသည် သူ၏ချမ်းသာကြွယ်ဝမှုကို အချိန်မီစွန့်ပယ်ပြီး ပိုမိုရိုးရှင်းစွာနေထိုင်ခဲ့ပါသည်။ သူသည် အတည်တကျနေရာချခြင်းများကို စတင်ထူထောင်ခဲ့ပြီး ယင်းတို့သည် အဖွဲ့အစည်းရှင်သန်မှုတွင် အတွေ့အကြုံများဖြစ်လာခဲ့ပါသည်။ လူတိုင်းသည် အခြေခံအကျဆုံး သို့မဟုတ် ညစ်ပတ်သောပင်ပန်းသည့် အိမ်မှုအလုပ်များကို မျှဝေခဲ့ရသည်။ ဂန္ဒီသည်လည်း သူ၏အကြမ်းမဖက်သော မဟာဗျူဟာကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ဤစိတ်ကူးစိတ်သန်းမှာ အကြမ်းမဖက်အနုသက်သက်လမ်းစဉ်ဖြင့် တရားမျှတမှုမရှိသောဥပဒေများကို ဆန့်ကျင်ရန်ဖြစ်သည်။ သူကိုယ်တိုင် အကျပ်အတည်းအခက်အခဲတွေ့ခြင်းမှ ရုန်းကန်ဆောင်ရွက်ခြင်းနှင့် ဒေါသ သို့မဟုတ် အမုန်းတရားလက္ခဏာမပြသခြင်းဖြင့် သူ၏ရန်သူများကို ဆွဲဆောင်နိုင်ခဲ့ခြင်းအကြောင်းတရားသည် တရားမျှတမှုရှိသည်ဟု ဂန္ဒီယုံကြည်ခဲ့သည်။ သူသည် ဖမ်းဆီးခြင်းခံခဲ့ရပြီး အကျဉ်းထောင်သို့ သုံးကြိမ်တိုင်တိုင် ပို့ခြင်းခံခဲ့ရသည်။

၁၉၁၅ ခုနှစ်တွင် သူအိန္ဒိယသို့ ပြန်လာခဲ့သောအခါ ဂန္ဒီသည် ပထမဦးစွာ ဗြိတိသျှတို့အား မဆန့်ကျင်ခဲ့ချေ။ သို့သော် ၁၉၁၉ ခုနှစ်တွင် ဗြိတိသျှစစ်သားများသည် လက်နက်မဲ့အိန္ဒိယလူမျိုး လူစုလူဝေးထံသို့ သေနတ်များဖြင့်ပစ်ပြီး လူအမြောက်အမြား သေကျေအောင် ရက်စက်ကြမ်းကြုတ်စွာသတ်ဖြတ်ခြင်းပြုပြီးနောက် သူ့စိတ်ပြောင်းလဲခဲ့သည်။ သည့်နောက် နှစ်၂၀ ကျော်ကျော် သူသည် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီကို ဦးဆောင်ခဲ့ပြီး အဓိကကျသော ဗြိတိသျှဆန့်ကျင်ရေးလှုပ်ရှားမှုသုံးရပ်ကို ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ဆန့်ကျင်လှုပ်ရှားမှုအကြိမ်တိုင်း သူသည် ဖမ်းဆီးခြင်းခံရပြီး အကျဉ်းထောင်သို့ ပို့ခြင်းခံခဲ့ရပါသည်။

### မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ထိုနှစ်များအတွင်း ဂန္ဒီသည် ဟိန္ဒူလူမှုရေးစည်းမျဉ်းစည်းကမ်းများအရ အဆင့်အနိမ့်ဆုံးအုပ်စု၏ အဆင့်အတန်းတိုးတက်မြင့်မားစေရန် လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ပြည်သူပြည်သားတို့သည် ပြည့်စုံလောက်ငမှု ရှိသင့်သည်ဟုလည်း သူ ယုံကြည်ခဲ့သည်။ သူသည် ပြည်တွင်းဖြစ်အဝတ်အထည်ကို သီးသန့်နေ့စဉ်ဝတ်ဆင်ခြင်းဖြင့် ဥပမာပြခဲ့သည်။ သူ့အမြင်တွင် ဥရောပနှင့် မြောက်အမေရိကကဲ့သို့ စက်မှုလုပ်ငန်းတည်ထောင်ခြင်းသည် စွမ်းဆောင်မှု၊ လိုချင်လောဘကြီးမှုနှင့် ညစ်ပတ်ခြင်းတို့ကို ဦးဆောင်ခဲ့သည်ဟု သိရှိခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်၏ သီးခြားမူဆလင်ပြည်နယ် ဖန်တီးခြင်းကို ရှေ့ဆောင်သော ဟိန္ဒူနှင့် မူဆလင်လူဦးရေအများအပြားကြီးထွားမှုကွာဟချက်ကို ကျော်လွှားနိုင်ရန် ဂန္ဒီရုန်းကန်ကြိုးစားဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံထံမှ အိန္ဒိယနှင့် ပါကစ္စတန်တို့ လွတ်လပ်ရေးရရှိခဲ့သောအခါ ကွဲပြားခြားနားသောအဖွဲ့အစည်းများအကြား ပြင်းထန်သောပေါက်ကွဲမှုဖြစ်ပွားခဲ့ပါသည်။ ဂန္ဒီသည် ငြိမ်းချမ်းရေးအတွက် အသနားခံတင်ပြခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ကျန်ရှိနေခဲ့သောမူဆလင်များ၏ အခွင့်အရေးများကိုလည်း သူကာကွယ်ပေးခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် ဟိန္ဒူအယူသီးအုပ်စုတစ်စု၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

သူ၏နာမည်ရင်းမှာ မိုဟန်ဒတ်ဂန္ဒီဖြစ်သော်လည်း သူ့ကို မဟတ္တမဂန္ဒီဟု လူသိများခဲ့ပါသည်။ ‘မဟတ္တမ’ ၏ အဓိပ္ပာယ်မှာ ‘ကြီးကျယ်မြင့်မြတ်သော ဝိညာဉ်’ ဟူ၍ဖြစ်ပါသည်။ ။



ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ အထိမ်းအမှတ်ဆောင်းပါး

# ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့မှသည် ...

တင်ထက်ထက်ဇော်

ခွေးရူးရောဂါကာကွယ်ဆေးကို ပထမဆုံး ရှာဖွေဖော်ထုတ်နိုင်ခဲ့သော သိပ္ပံပညာရှင် Louis Pasteur ၏တွေ့ရှိချက်နှင့် ဆောင်ရွက်ချက်ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကြီးမှူး၍ နှစ်တစ်နှစ်၏ စက်တင်ဘာလ ၂၈ ရက်နေ့ကို "ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ (World Rabies Day)" အဖြစ် သတ်မှတ်ထားကာ ထိုနေ့သို့ ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ ပြည်သူ့ဗဟိုပြု အသိပညာပေးလှုံ့ဆော်မှုများကို အသိပေးလျက်ရှိသည်။ WHO ၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် တစ်ဦးနှုန်း ခွေးရူးပြန်ရောဂါဖြစ်ပွား၍ အသက်ဆုံးရှုံးလျက်ရှိပြီး တစ်နှစ်လျှင် လူဦးရေ ၅၅၀၀၀ မှ ၇၀၀၀၀ ခန့် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိကာ အာရှနှင့် အာဖရိကနိုင်ငံများ၏ ဆင်းရဲသောကျေးရွာများတွင် ထိခိုက်မှုပိုမိုဖြစ်ပွားကြောင်းနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး ပူးပေါင်းပါဝင်ထိုးနှံထားခြင်းဖြင့် ကမ္ဘာ့လူဦးရေ၏ ၁၈၁၀၀၀ ကျော်တွင် ၎င်းရောဂါကြောင့် သေဆုံးခြင်းမှ ကာကွယ်ထားနိုင်ကြောင်း သိရသည်။

## ခွေးရူးရောဂါဖြစ်ရသောအကြောင်းရင်း

ခွေးရူးရောဂါသည် Rhabdo (ခေါ်)ကျည်ဆန်ပုံ ဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားရပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့အစည်းတို့ကို အဓိကတိုက်ခိုက်သည်။ ၎င်းဗိုင်းရပ်စ်က လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးကို ကျရောက်စေနိုင်သည်။ ယနေ့ကမ္ဘာပေါ်တွင် ၎င်းဗိုင်းရပ်စ်အဖြစ်များသော သတ္တဝါများမှာ ခွေး၊ ကြောင်၊ မြေခွေး၊ တောခွေး၊ ဝက်၊ နွား၊ သိုး၊ ဆိတ်၊ လင်းနို့၊ ဝံပုလွေ၊ ခွေးအစသည့် တိရစ္ဆာန်များဖြစ်ကြသည်။ အာရှနှင့် အာဖရိကနိုင်ငံများတွင် ခွေးနှင့် ကြောင်တို့ကြောင့် ခွေးရူးပြန်ရောဂါဖြစ်ပွားကြပြီး တောင်အမေရိကတိုက်များတွင် လင်းနို့များမှတစ်ဆင့် ခွေးရူးပြန်ရောဂါ အများဆုံးပြန့်ပွားလေ့ရှိသည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)၏ စစ်တမ်းအရ လူများတွင် ခွေးရူးရောဂါဖြစ်ရခြင်း၏ ၉၉ ရာခိုင်နှုန်းအထက်သည် ခွေးကိုက်ခံရခြင်းကြောင့် ဖြစ်လာရကြောင်း လေ့လာမှတ်သားရပါသည်။

## ခွေးရူးပြန်ရောဂါနှင့် ကမ္ဘာ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ခွေးရူးရောဂါဖြစ်ပွားနေဆဲဖြစ်ပြီး နိုင်ငံတော်တော်များများက ထိုရောဂါအန္တရာယ်ကို အလေးထားထိန်းချုပ်ရန် ကြိုးစားနေကြသည်။ တစ်ကမ္ဘာလုံးခြုံကြည့်ရာ၌ နှစ်စဉ်နှစ်တိုင်း ခွေးကိုက်ခံရပြီးနောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးရသော လူဦးရေ ၁၀ သန်းခန့်ရှိပြီး ယင်းရောဂါကြောင့် အသက်ဆုံးရှုံးရသူများမှာ ၅၅၀၀၀ ခန့် ရှိနေသည်။ ထိုသေဆုံးမှုပမာဏသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြပြီး ၎င်းတို့အနက် လူအများစုက အာရှနှင့် အာဖရိကတိုက်များမှ ဖြစ်ကြသည်။ ကိုဗစ်-၁၉ ရောဂါ မတိုင်ခင်ကာလအထိ ကောက်ယူခဲ့သော စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသည် ခွေးရူးရောဂါကြောင့် သေဆုံးသူဦးရေ အများဆုံးနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ဗီယက်နမ်နိုင်ငံဖြစ်ကာ ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ခွေးရူးရောဂါ အန္တရာယ်အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေကြောင်း သိရသည်။




မြန်မာနိုင်ငံအနေဖြင့် ခွေးများတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရန်အတွက် အမျိုးသားစီမံကိန်း (၂၀၁၈-၂၀၃၀) ကို ရေးဆွဲထားပြီး ထိုစီမံကိန်းအရ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တို့တွင် ခွေးများအား ခွေးရူးပြန်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို One Health Strategy အနေဖြင့် ဆောင်ရွက်နေပြီဖြစ်သလို ပါဝင်လုပ်ဆောင်ကြသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများကိုလည်း လိုအပ်သော ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

## စီမံချက်များ

ခွေးရူးရောဂါသည် ကာကွယ်ဆေးဖြင့် ရာနှုန်းပြည့် ကြိုတင်ကာကွယ်နိုင်သည့် ရောဂါတစ်ခုဖြစ်သဖြင့် အိမ်မွေးတိရစ္ဆာန်များကို ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့် ယင်းရောဂါကြောင့် သေဆုံးမှုကို လျှော့ပါးစေနိုင်ပါလိမ့်မည်။ ထို့ကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)တို့ပူးပေါင်းကာ နိုင်ငံတော်အတွင်း ခွေးရူးရောဂါလျှော့ကျရေး ကြိုးပမ်းမှုတွင် အဓိကမဏ္ဍိုင်ဖြစ်လာမည့် အမျိုးသားအဆင့် ခွေးရူးရောဂါထိန်းချုပ်ရေး မဟာဗျူဟာမူဘောင်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အပြီးသတ်ရေးဆွဲအတည်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်မှ စတင်၍ ခွေးကောင်ရေတစ်သန်း ကာကွယ်ဆေးထိုးနှံချက်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Four Paws International အဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ High Risk ဒေသများတွင်လည်း ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

## ကြောက်စရာခွေးရူးပြန်ရောဂါ

တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားလျှင် တံတွေးထဲမှ ခွေးရူးရောဂါဗိုင်းရပ်စ်များစွာ ပါဝင်နေပြီး အခြားတိရစ္ဆာန်ကို ကိုက်လိုက်သောအခါ အနာထဲသို့ တံတွေးထဲမှ ခွေးရူးရောဂါဗိုင်းရပ်စ်များ ဝင်သွားကာ ရောဂါကူးစက်စေပါသည်။ ခွေးရူးကိုက်ခံရသောသူတွင် ၎င်းရောဂါပိုးကူးစက်ခံရပါက ဒဏ်ရာမှစ၍ အာရုံခံ(Nerves) ဆဲလ်များမှတစ်ဆင့် ဦးနှောက်ဆီသို့ တစ်ရက်လျှင် တစ်စင်တီမီတာနှုန်းဖြင့် တစ်စတစ်စ ပျံ့နှံ့သွားသည်။ ၎င်းပိုး ဦးနှောက်ဆီသို့ ရောက်သွားချိန်တွင် မည်သည့်နည်းနှင့်မျှ ကုသနိုင်စွမ်းမရှိတော့ဘဲ အသက်ဆုံးရှုံးနိုင်ပါသည်။ ထို့ကြောင့် ခွေးရူးကိုက်ခံရပါက ခွေးရူးပြန်ရောဂါကာကွယ်ဆေးကို ချက်ချင်းထိုးနှံပေးဖို့ အရေးကြီးသည်။ အကိုက်ခံရပါက သွေးထွက်မလွန်အောင် ဒဏ်ရာပေါ် လက်မဖြင့်ဖိထားပါ။ မိမိအိမ်တွင် ဒဏ်ရာကို ရေများများသုံးပြီး ဆပ်ပြာ သို့မဟုတ် Dettol ကဲ့သို့သော ပိုးသတ်ဆေးတစ်ခုခုဖြင့် အနည်းဆုံး အချိန် ဆယ်မိနစ်ကျော်ကြာသည်အထိ ရေစင်စင်ဖြင့် ဆေးကြောပေးဖို့လိုပါသည်။ ထို့နောက် နီးစပ်ရာဆေးခန်း သို့မဟုတ် ကျန်းမာရေးဌာနသို့ ဆောလျင်စွာသွားပါ။ ဆရာဝန်က ညွှန်ကြားသည့်အတိုင်းလိုက်နာ၍ ကာကွယ်ဆေးကို အပြည့်အဝထိုးနှံရပါမည်။

## ခွေးရူး၏ အမူအကျင့်များ

ရုတ်တရက် အမူအရာပြောင်းသွားခြင်း၊ ထိုင်းမှိုင်းခြင်း၊ အစာမစားခြင်း၊ အဖျားတက်ခြင်း၊ ၎င်းအား မည်သူကမျှ စိတ်ဆိုးအမျက်ထွက်အောင် မလုပ်ပါဘဲ သူ့အလိုလိုရန်လိုနေပြီး ကိုက်တတ်ခြင်း၊ တုတ်ချောင်း (သို့မဟုတ်) စက္ကူ စသည်ဖြင့် မြင်မြင်ရာကို ကိုက်ဝါးခြင်း၊ ကြောက်ရွံ့အားငယ်နေခြင်း၊ ဦးတည်ရာမဲ့ပြေးသွားခြင်း၊ အသံအက်ဖြင့် အူခြင်း၊ ဟောင်ခြင်း၊ အစာနှင့်ရေကို မျိုချရန်ခက်ခဲခြင်း၊ နောက်ဘက်ခြေထောက်များ ဆိုင်းသွားခြင်း၊ အလင်းရောင်ကိုကြောက်ခြင်း၊ မျက်စိသူငယ်အိမ်ကျယ်လာခြင်း၊ ခက်ခက်ခဲခဲအသက်ရှူခြင်း၊ မေးရိုးများဟနေခြင်း၊ သွားရည် (သို့မဟုတ်) တံတွေးများ လွန်ကဲစွာထွက်ကျခြင်း စသည်တို့က ခွေးရူးရောဂါဖြစ်နေသော ခွေးတစ်ကောင်၏ အမူအကျင့်များဖြစ်သည်။

## လူတွင်တွေ့ရသော ခွေးရူးပြန်ရောဂါလက္ခဏာများ

ခြေထောက်တွင်အကိုက်ခံရပါက ပျမ်းမျှ ၆၄ ရက်ခန့်၊ လက်မောင်းတွင်အကိုက်ခံရပါက ၃၂ ရက်ခန့်၊ မျက်နှာနှင့် လည်ပင်းအနီးတစ်ဝိုက်တို့တွင် အကိုက်ခံရပါက ၂၇ ရက်ခန့် ကြာမြင့်ပြီးနောက် ခွေးရူးပြန်ရောဂါလက္ခဏာများကို ယခုလို ခံစားရတတ်ပါသည်။ ၎င်းတို့မှာ တုပ်ကွေးရောဂါဖြစ်သကဲ့သို့ ခန္ဓာကိုယ်၊ လက်နှင့် ဦးခေါင်းကိုက်ခဲခြင်း၊ အလွန်အမင်းမောပန်းနွမ်းနယ်ခြင်း၊ ခွေးကိုက်ခံရသောဒဏ်ရာမှ စူးစူးနစ်နစ်ယား၍နာကျင်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အော်ဂလီဆန်ခြင်း၊ ပျို့အန်ခြင်း၊ တစ်ကိုယ်လုံး ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ ရေကြောက်ခြင်း၊ ရေဆာသော်လည်း ရေကိုထိတွေ့မြည်းစမ်းရမည်ကို တွန့်ဆုတ်နေခြင်း၊ လည်ချောင်းရောင်၍နာခြင်း၊ အိပ်စက်မရခြင်း၊ ဂနာမငြိမ်ခြင်း၊ သွားရည်များစွာထွက်ခြင်း၊ တက်ခြင်း၊ အစာစားချင်စိတ်မရှိတော့ခြင်း၊ အားနည်းခြင်း၊ ဦးနှောက်အမြှေး ပြင်းထန်စွာရောင်ခြင်း၊ ကတုန်ကရင်ဖြစ်ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်း၊ အလင်းရောင်ကို မခံစားနိုင်တော့ခြင်း၊ ပါးစပ်မှ တံတွေးများစီးကျခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ လေဖြတ်သကဲ့သို့ အဆစ်အမျက်များ ဆိုင်းသွားခြင်း စသည်တို့ဖြစ်ကြသည်။

## စားသောက်မှုပုံစံ

ခွေးရူးကိုက်ခံရပါက မည်သည့်အစားအစာမျှ အထူးရှောင်ရှားစရာမလိုအပ်ပါ။ ဆရာဝန်မှ ညွှန်ကြားထားသည့်အတိုင်း နေထိုင်စားသောက်ပါ။ ခွေးကိုက်ခံရပါက ခွေးတောက်ရွက်မစားရဟု ရှေးရိုးစွဲရှိကြသော်လည်း အခါးအရသာဖြစ်သော ခွေးတောက်ရွက်က သွေးကျေဒဏ်ကျေစေနိုင်သဖြင့် စားပေးနိုင်ပါသည်။

## ခွေး၊ ကြောင် ပိုင်ရှင်များလိုက်နာရန်

အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များအနေဖြင့် မိမိ၏ ခွေး၊ ကြောင်များကို ခွေးရူးကာကွယ်ဆေး မှန်မှန်ထိုးပေးပါ။ သက်ဆိုင်ရာကျန်းမာရေးဌာန၏ ကြော်ငြာချက်များကို စဉ်ဆက်မပြတ်လိုက်နာဆောင်ရွက်ပါ။

အချုပ်အားဖြင့်ဆိုသော် ခွေးရူးပြန်ရောဂါ ဖြစ်ပေါ်ခံစားရပါက ကုရာနတ္ထိဆေးမရှိပါ။ ခွေးကိုက်ခံရပြီးနောက် ၁၀ နှစ်ကြာမှ ခွေးရူးပြန်ရောဂါ ဖြစ်ပေါ်နိုင်ကြောင်းကိုလည်း ရန်ကုန်ကလေးဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက သတိပေးထားပါသည်။ ထို့ကြောင့် လမ်းမပေါ်ရှိ ပိုင်ရှင်မဲ့ခွေးကောင်းဖြစ်စေ၊ ခွေးရူးဖြစ်စေ အကိုက်ခံရပါက နီးစပ်ရာဆေးခန်းသို့သွား၍ ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ဘဝနောင်ရေးအတွက် စိတ်အေးနိုင်ပါမည်။ မြန်မာပြည်သူပြည်သားများအနေဖြင့် အမျိုးသားရေးအသိစိတ်ဖြင့် ခွေးရူးရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များတွင် တတ်အားသရွေ့ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားရင်း ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့မှသည် ခွေးရူးရောဂါ ဘေးဘယာကင်းဝေးကြပါစေကြောင်း။ ။

**"ခွေးရူးပြန်ရောဂါ ဖြစ်ပေါ်ခံစားရပါက ကုရာနတ္ထိဆေးမရှိပါ။ ခွေးကိုက်ခံရပြီးနောက် ၁၀ နှစ်ကြာမှ ခွေးရူးပြန်ရောဂါ ဖြစ်ပေါ်နိုင်ကြောင်းကိုလည်း ရန်ကုန်ကလေးဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက သတိပေးထားပါသည်။ ထို့ကြောင့် လမ်းမပေါ်ရှိ ပိုင်ရှင်မဲ့ခွေးကောင်းဖြစ်စေ၊ ခွေးရူးဖြစ်စေ အကိုက်ခံရပါက နီးစပ်ရာဆေးခန်းသို့သွား၍ ခွေးရူးပြန်ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ဘဝနောင်ရေးအတွက် စိတ်အေးနိုင်ပါမည်"**

# စပိန်အသင်း လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် အိမ်ကွင်းရှုံးပွဲကြုံတွေ့



စပိန်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပွဲစဉ်မှာ စပိန်အသင်းဟာ ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် လေးနှစ်တာကာလအတွင်းမှာ ပထမဆုံးအကြိမ် အိမ်ကွင်းရှုံးပွဲ ကြုံတွေ့ခဲ့ရပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည် ဆွစ်ဇာလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၁ မိနစ်မှာ အာကန်ဂျီနဲ့ ၅၈ မိနစ်မှာ အမ်ဘိုလိုတို့က သွင်းယူပေးခဲ့ပြီး အိမ်ရှင်စပိန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၅၅ မိနစ်မှာ ဂျော်ဒီအယ်လ်ဘာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

နည်းပြ အင်းနရစ်ရဲ့ စပိန်အသင်းဟာ ဆွစ်ဇာလန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုအဆင့်ထိပ်ဆုံးနေရာကို ပေါ်တူဂီအသင်းကို နေရာပေးလိုက်ရပြီး ပေါ်တူဂီအသင်းကတော့ ချက်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိကာ ငါးပွဲကစားပြီး ရမှတ် ၁၀ မှတ်နဲ့ အုပ်စုအဆင့် ထိပ်ဆုံးမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ စပိန်အသင်းကတော့ ငါးပွဲကစားပြီး ရမှတ် ရှစ်မှတ်နဲ့ အုပ်စုအဆင့် ဒုတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

စပိန်အသင်းဟာ ၂၀၁၈ ခုနှစ်အောက်တိုဘာလအတွင်းက နေးရှင်းလိဂ်ပြိုင်ပွဲမှာ အိမ်ကွင်း၌ အင်္ဂလန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲအရပ်ရပ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အိမ်ကွင်း ၂၂ ပွဲမှာ အခုတစ်ကြိမ် ပထမဆုံးရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။

# နေးရှင်းလိဂ်နဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် တိုက်စစ်မှူး ဟာလန်း ရပ်တည်နေ

ဆလိုဗေးနီးယားအသင်းနဲ့ နော်ဝေအသင်းတို့ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ နေးရှင်းလိဂ်ပွဲစဉ်မှာ တိုက်စစ်မှူး ဟာလန်းက နော်ဝေအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ၂၀၂၂-၂၀၂၃ နေးရှင်းလိဂ်ပြိုင်ပွဲမှာ ငါးပွဲကစားပေးထားပြီး သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဒါကြောင့် တိုက်စစ်မှူး ဟာလန်းဟာ ယခုနှစ် နေးရှင်းလိဂ်ပြိုင်ပွဲမှာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာ ဖြစ်ပါတယ်။



တိုက်စစ်မှူး ဟာလန်းဟာ ဒေါ့မွန်အသင်းကနေ မန်စီးတီးအသင်းဆီ ပြောင်းရွှေ့လာခဲ့ပြီးနောက် အခုဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့အတူ စုစုပေါင်း ၁၀ ပွဲကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၄ ဂိုးအထိရှိလာခဲ့ပြီး ပရီမီယာလိဂ်ခုနစ်ပွဲမှာ ၁၁ ဂိုးနဲ့ ချန်ပီယံလိဂ်နှစ်ပွဲမှာ သုံးဂိုး သွင်းယူထားတာ ဖြစ်ပါတယ်။

ဒါ့ပြင် တိုက်စစ်မှူး ဟာလန်းဟာ နော်ဝေအသင်းက ဆလိုဗေးနီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ နေးရှင်းလိဂ်ပွဲစဉ်မှာ နော်ဝေအသင်းအတွက် တစ်ဂိုးသွင်းယူပေးထားတာကြောင့် နော်ဝေနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၂၂ ပွဲ ပါဝင်ကစားပြီးချိန်မှာ သွင်းဂိုးစုစုပေါင်း ၂၁ ဂိုး ရှိလာခဲ့တာ ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- မန်စီးတီး၊ လီဗာပူး၊ ချယ်လ်ဆီးနဲ့ မန်ယူအသင်းတို့ဟာ အင်္ဂလန်ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေစဉ်မှာ ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်အနေနဲ့ လာမယ့်နွေရာသီဈေးကွက်အတွင်း ဒေါ့မွန်အသင်းကနေ ထွက်ခွာဖို့ရှိနေတယ်လို့ သိရပါတယ်။
- *စပါးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ ပိုချက်တီနိုဟာ လက်ရှိနည်းပြ စတီဗင်ဂျာရတ်တာဝန်ယူကိုင်တွယ်နေတဲ့ အက်စ်တွန်ဗီလာအသင်းကို တာဝန်ယူကိုင်တွယ်ဖို့ ရှိနေတယ်လို့ သိရပါတယ်။*
- ချယ်လ်ဆီးအသင်းဟာ ဖူလ်ဟမ်အသင်းမှ အသက် ၁၇ နှစ်အရွယ်တိုက်စစ်မှူး လူကီဟဲရစ်ကို ပေါင်သန်း ၃၀ နဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။
- *စပါးအသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ အသက် ၃၂ နှစ်အရွယ်ရှိ နောက်တန်းကစားသမားဟောင်း ဒန်နီရို့စ်ဟာ ဝီဂန်အသင်းဆီကို ပြောင်းရွှေ့ကစားဖို့ ရှိနေတယ်လို့ သိရပါတယ်။*



# ဂျိုးဆက်ပါကာကို အလဲထိုး နိုင်ပွဲနဲ့ အနိုင်ရခဲ့တဲ့ ဂျိုးဂျိုက်

ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဂျိုးဂျိုက်နဲ့ နယူးဇီလန်လက်ဝှေ့ကျော် ဂျိုးဆက်ပါကာတို့ စက်တင်ဘာ ၂၅ ရက်မှာ မန်ချက်စတာမြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ဟဲဗီးဝိတ် ချန်ပီယံခါးပတ်လုပွဲမှာ ဂျိုးဂျိုက်က ဂျိုးဆက်ပါကာကို အလဲထိုးနိုင်ပွဲနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဂျိုးဂျိုက်ဟာ သူ့ရဲ့လက်ဝှေ့သမားဘဝမှာ အကြီးမားဆုံးနိုင်ပွဲနဲ့အတူ ဒဗလျူဘီအိုဟဲဗီးဝိတ်ခါးပတ်ကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ၂၀၂၃ ခုနှစ်အတွင်းမှာ ယူကရိန်းပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အိုလက်ဆန်းဒါးယူဆစ်နဲ့ ဟဲဗီးဝိတ်စိန်ခေါ်ပွဲ ထိုးသတ်သွားဖို့ စီစဉ်ထားတယ်လို့ ပြောကြားပါတယ်။

ဒါ့ပြင် ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဂျိုးဂျိုက်ဟာ ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်တဲ့ ဂျိုးဆက်ပါကာကို အလဲထိုးနိုင်ပွဲရရှိခဲ့တဲ့ ပထမဆုံးလက်ဝှေ့သမားလည်း ဖြစ်လာခဲ့ပါတယ်။

# ဆန်ဒီယေဂိုအိုးပင်းဗိုလ်လုပွဲနဲ့ လွဲခဲ့ရတဲ့ ဒန်အီဗန်

ဗြိတိန်တင်းနစ်အကျော်အမော် ဒန်အီဗန်ဟာ စက်တင်ဘာ ၂၅ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ အမေရိကန်တင်းနစ်ကစားသမား မာကို့စ်ဂျီရွန်ကို ရှုံးနိမ့်ခဲ့လို့ ဆန်ဒီယေဂိုအိုးပင်း နောက်ဆုံးဗိုလ်လုပွဲစဉ်နဲ့ လွဲခဲ့ရပြီဖြစ်ပါတယ်။

ကမ္ဘာ့အဆင့် ၂၅ နေရာမှာ ရပ်တည်နေတဲ့ ဗြိတိန်တင်းနစ်ကစားသမား ဒန်အီဗန်ဟာ အမေရိကန်တင်းနစ်ကစားသမား မာကို့စ်ဂျီရွန်ကို ၆-၃၊ ၇-၅ နဲ့ ရှုံးနိမ့်ခဲ့လို့ ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်နဲ့ ထွက်ခဲ့ရတာဖြစ်ပါတယ်။



မာကို့စ်ဂျီရွန်ကတော့ ဒန်အီဗန်ကို အနိုင်ရခဲ့လို့ ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အမေရိကန်တင်းနစ်ကစားသမား ဘရန်ဒန်နာကာရီမာနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘရန်ဒန်နာကာရီမာဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ဩစတြေးလျတင်းနစ်ကစားသမား အိုကွန်နဲလ်ကို ၆-၄၊ ၇-၆(၇-၃)နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## မင်းဘူး(စကု)မြို့နယ် စံပြကွက်တွင် မိုးနှောင်းသီးနှံများ စတင်စိုက်ပျိုး

မင်းဘူး စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် အဆင့်မြင့်လယ် ယာမြေစံပြကွက်တွင် မိုးနှောင်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါစံပြကွက်သည် တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ မိုးနှောင်းကာလ ရက် ၁၀၀ စပါးမျိုး၊ ရက် ၁၁၀ ချမ်းမြေ့မေ စပါးမျိုးအပြင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့ကို စိုက်ပျိုးခဲ့ကြသည်။

ထိုသို့စိုက်ပျိုးမှုကို ကိုင်းတောလေးကျေးရွာ တောင်သူ ဒေါ်သန်းသန်းငွေ၏ ကွင်းအမှတ်(၁၂၈၄) စံပြကွက် ၁၃ ဒသမ ၇၃ ဧကပေါ်တွင် စက်တင်ဘာ ၂၂ ရက်မှ စတင်စိုက်ပျိုးကာ ချမ်းမြေ့မေ စပါး ငါးဧက၊ နေကြာ လေးဧက၊ ပဲတီစိမ်း၊ နေကြာ သီးညှပ်စိုက်ခင်း သုံးဧကနှင့် ပိုက်ဆံလျှော် ၁ ဒသမ ၇၃ ဧက စိုက်ပျိုးထားကာ စံပြကွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် တောင်သူများအား ပညာပေးစည်းရုံးမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇေယျာထက်(မင်းဘူး)





## ဟင်္သာတတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာ ဆရာမများ ဟင်္သာတငါးလုပ်ငန်းစခန်းတွင် ငါးသားဖောက်ခြင်း လုပ်ငန်းများ စာတွေ့လက်တွေ့ဆောင်ရွက်

ဟင်္သာတ စက်တင်ဘာ ၂၅

ဟင်္သာတတက္ကသိုလ်တွင် ၂၀၂၃– ၂၀၂၄ ပညာသင်နှစ်အတွက် Fishery Science (ဒေသအကျိုးပြုဘာသာရပ်သစ်အတွက်) ကြိုတင်စီစဉ်လေ့လာမှုအဖြစ် စက်တင်ဘာ၂၂ ရက်တွင် ဟင်္သာတငါးလုပ်ငန်းစခန်း၌ ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဟင်္သာတတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာ၊ ဆရာမ ၁၇ ဦးတို့သည် ငါးမြစ်ချင်း ငါးသန်မှ ငါးဖျန်းအဆင့်သို့ ပြုစုမွေးမြူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို စာတွေ့လက်တွေ့ ပူးတွဲပြုလုပ်ကြသည်။

အဆိုပါ ငါးမြစ်ချင်းငါးသန်မှ ငါးဖျန်းအဆင့်သို့ ပြုစုမွေးမြူခြင်းသည် လေးလကြာမြင့်မည်ဖြစ်ပြီး အစာကျွေးမှု၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်းနှင့် ငါးရှင်သန်နှုန်း၊ ငါးအရွယ်အစားတို့ကို စာတမ်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ်တွင်လည်း ငါးဆေးထိုးသားဖောက်ခြင်းခေါင်းစဉ်ဖြင့် မဟာသိပ္ပံသုတေသနစာတမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး ဦးဆောင်၍ တောင်ငူမြို့ မြို့မရဲစခန်း၊ အမှတ်(၂)နယ်မြေရဲစခန်း၊ အမှတ်(၃)နယ်မြေရဲစခန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် မိသားစုဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူအင်အား ၁၅၀ ခန့်သည် တောင်ငူမြို့ အမှတ်(၁၃)ရပ်ကွက် ဦးမှန်လမ်းရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်ဘုရားကြီးပရိဝုဏ်၌ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ကိုလွင်(ဆွာ)





(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်တွင် စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီခွဲက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုတို့က ဒုတိယအကြိမ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကို၊ ဒုတိယရဲမှူးကြီးဝင်းသိန်း၊ ရဲမှူးမျိုးမင်းလှိုင်၊ ဒုတိယရဲမှူးကြီးဇော်မင်းဦး၊ ရဲမှူးညွန့်ဝင်း၊ ရဲမှူးမိုးကျော်၊ ရဲမှူးမျိုးဇင်၊ ဒုတိယရဲမှူးကြီးစိုးသန်းနှင့် ဂေါပကရုံးအဖွဲ့မှူး ဦးအောင်ငွေစိုးတို့ ကြည့်ရှုအားပေးကြစဉ်။

ဇော်နိုင်လင်း

## မြန်အောင်မြို့၌ ငါးများဈေးနှုန်းချိုသာစွာ ရောင်းချ

မြန်အောင် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးမွေးကန်ပိုင်ရှင်များ ပူးပေါင်း၍ မြန်အောင်မြို့အတွင်းရှိ ပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့နံနက်က မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့၌ ငါးများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ငါးမြစ်ချင်း ၃၅ ကျပ်သားလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ငါးအချိန် ပိဿာ ၃၀ ကို ဈေးနှုန်းချိုသာစွာရောင်းချပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ယာယီတာဝန်ခံနှင့်ဌာန



ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြန်အောင်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၃-၉-၂၀၂၂ ရက်နေ့မှအဆက်

“မလိုပါဘူး၊ ကိုယ့်ဘဝမှာ ကိုယ့်ရည်မှန်းချက်ကို ရောက်အောင်လုပ်တာဟာ စိတ်အချမ်းသာဆုံးပဲ။ ကျုပ်ဘဝမှာ ကျုပ် သူဌေးမဖြစ်ချင်ဘူး။ အနုပညာသမားဖြစ်ချင်တယ်။ ဒုက္ခပင်လယ်မှာ နစ်ပြီး သေချင်သေပစေ။ မြို့မငြိမ်းလို ပညာရှင်တစ်ယောက် ဖြစ်ချင်တယ်။ ဒါဟာ ကျုပ်ရဲ့ အကြီးဆုံးရည်မှန်းချက်ပဲ”

ကိုဘခက်၏ မျက်လုံးများသည် ပို၍ တောက်ပသွားသည်။ သူ့ရည်မှန်းချက်ပန်းတိုင်ကို မျှော်ကြည့်နေသလို ရှေ့သို့ မျှော်ကြည့်လိုက်သည့်အခါတွင် ‘မ’ ၏အကြည့်နှင့် အကြည့်ချင်းဆုံ၍ သွားလေသည်။ ကိုဘခက်က ‘မ’ ကို ခြေဆုံးခေါင်းဆုံး ကြည့်နေပြန်သဖြင့် ‘မ’ မှာ အနေရခက်နေရှာတော့သည်။

“ဒါဖြင့် ဆရာ သီချင်းတွေများများစပ်ပေါ့။ ဆရာ့ပညာနဲ့ဆိုရင် ဆရာဟာ သီချင်းရေးဆရာ ကောင်းကောင်းဖြစ်နိုင်တာပဲ။ တချို့ ဘာမှမတီးတတ်တဲ့ လူတွေတောင် ကဗျာတွေ ခိုးခိုးပြီး သီချင်းစပ်သေးတာပဲ။ ဆရာစပ်ရင် တကယ့်မြန်မာသံစစ်စစ်သီချင်းတွေ ဖြစ်လာမှာပေါ့”

‘မ’ က မျက်လွှာကိုချလိုက်ပြီး စကားလွှဲ၍ပြောလိုက်သော်လည်း ကိုဘခက်ကမူ ‘မ’ ကို စိုက်ကြည့်နေသည်။ ပြီးမှ သက်ပြင်းကိုချလိုက်ရင်း ခပ်ညည်းညည်း ပြောလိုက်သည်။

“ကျုပ် စောစောကပြောတယ်မဟုတ်လား။ သီချင်းစပ်တယ်ဆိုတာ ရင်ထဲနှလုံးသားထဲက လာတာပဲ။ ဒါမှလည်း အသက်ပါတယ်။ ပဉ္စသီခနတ်သားဟာ သူရိယဝစ္ဆနတ်သမီးရဲ့အလှကို စောင်းဂါထာ ဆယ့်ငါးပုဒ်နဲ့ ဖွဲ့ဆိုထားတာ ဘယ်လောက် ပြောင်မြောက်သလဲ။ ကျုပ်က အဲဒီလိုသီချင်းမျိုးကို စပ်ချင်တယ်။ ဒါပေမဲ့ ခက်နေတာ ကျုပ်မှာ ဘယ်မိန်းကလေးတစ်ယောက်ရဲ့ အလှကိုမှ မယစ်မူးခဲ့ဖူးဘူး။ မိန်းကလေးတစ်ယောက်ကိုလည်း တစ်ခါမှ သေသေချာချာမကြည့်ခဲ့ဖူးဘူး။

“ဒါပေမဲ့ ကနေ့တော့ ကျုပ်ဟာ မိန်းကလေးတစ်ယောက်ရဲ့ အလှဘွဲ့ သီချင်းတစ်ပုဒ်ကို စောစောက စပ်ကြည့်တယ်။ မအောင်မြင်ဘူး။ ကျုပ်သီချင်းထဲကမိန်းကလေးဟာ အပြင်မှာ တကယ်




ရှိနေတဲ့ မိန်းကလေးလောက်မလှဘူး ဖြစ်နေတယ်”

‘မ’ သည် ကိုဘခက်ဆိုလိုသော အဓိပ္ပာယ်ကို နားမလည်ရှာပေ။ ထို့ကြောင့်လည်း ဆက်၍မေးလိုက်မိသည်။

ဒါဖြင့် ဒီ ဆရာတင်စားတဲ့မိန်းကလေးဟာ အပြင်မှာ တကယ်ရှိတာပေါ့”

ကိုဘခက်သည် ‘မ’ ကို သေသေချာချာ စိုက်၍ကြည့်နေရင်းမှ မသွယ်ဝိုက်ဘဲ ပြောလိုက်လေသည်။

“ကျုပ်ပြောတာကို ‘မ’ နားမလည်ဘူး ထင်တယ်။ ကျုပ်သီချင်းထဲမှာ ဖွဲ့ထားတဲ့ မိန်းကလေးဟာ လှသင့်သလောက်တော့ လှတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ အလှကို မီအောင် ကျုပ် မစပ်နိုင်သေးဘူး”

‘မ’ သည် မျက်လုံးကလေးများ ဝိုင်း၍ သွားလေသည်။

ကိုဘခက်၏စကားကြောင့် ‘မ’ သည် မျက်နှာကလေးပင် နီ၍လာသည်။ ကိုဘခက်ကမူ ဘာမျှထူးခြားဟန်မရှိ၊ သူပြောသောစကားကိုပင် ဘယ်အဓိပ္ပာယ်သို့ ရောက်မည်ကိုလည်း သိဟန်မတူ။

‘မ’ သည် ခေါင်းကို မဖော်ရဲတော့ချေ။ ကိုဘခက်၏မျက်နှာကိုလည်း မကြည့်ရဲတော့ချေ။ ကိုဘခက်သည် ‘မ’ ကို တစ်ချက်မျှကြည့်လိုက်ပြီးလျှင် ‘မ’ ၏ အလှကို ချီးကျူးလိုက်ပြန်သည်။

“ကျုပ် မိန်းကလေးတစ်ယောက်ကို သေသေချာချာမကြည့်ဖူးဘူး။ ကနေ့မှပဲ ခင်ဗျားကိုကြည့်ရင်း သဘောပေါက်မိတယ်။ မိန်းမတစ်ယောက်ရဲ့အလှဟာ ပန်းရဲ့အလှနဲ့လည်း မတူဘူး။ ရွှေလမင်းရဲ့အလှနဲ့လည်း မတူဘူး၊ ကြယ်ကလေးတွေရဲ့ အလှနဲ့လည်း မတူဘူး။ တိမ်နွယ်ပန်းတွေရဲ့ အလှနဲ့လည်း မတူဘူး။ ဘယ်လိုအလှမျိုးနဲ့မတူဘူး။ လျှို့ဝှက်တယ်၊ နက်နဲတယ်၊ ဆန်းကြယ်တယ်၊ နုနယ်တယ်။ ဒီလိုအလှကိုဖွဲ့တဲ့နေရာမှာ တင်စားပြီးဖွဲ့တိုင်းလည်း ဂုဏ်မမြောက်နိုင်ဘူး။ တင်စားချက်က အလှရဲ့သရုပ်ကို ပေါ်လွင်အောင် တော်တော်ကို ရွေးချယ်ဖွဲ့နွဲ့ရတယ်။ ဥပမာ ပွတ်မှာတင်ချွတ်၊ တမွတ်ရွှေခိုင်၊ ရောပြိုင်လှမော၊ ရွှေငှက်ပျောတုံးဟန်ပန်၊ ရွှေပေါင်တံရှိသောဆိုတဲ့ အဖွဲ့အနွဲ့မျိုးကျတော့ ပေါင်ရဲ့ ဝင်းဝါညက်ညောတဲ့အလှကို ပေါ်လွင်တယ်။ ရွှေမုရိုးစည်ပုံမယွင်း၊ ရွှေလည်ပင်းကို ချက်ချင်းသိမ်းယုက်၊ ဘက်လှည့်ပါသော ဆိုတဲ့အဖွဲ့ကျတော့ ပဥ္စသိခ်အနေနဲ့ ဖွဲ့နွဲ့လို့ မထိုက်တန်ဘူး။ လူသားတွေအနေနဲ့လည်း သရုပ်ပေါ်ချင်မှ ပေါ်မယ်။ ကျုပ် အခက်အခဲတွေ့နေရတာလည်း ဒါပဲ။ ကျုပ် ခင်ဗျားရဲ့အလှကို မီအောင်မဖွဲ့နိုင်တာဟာ စဉ်းစားလို့ မရဘူး။ ကျုပ်ကပဲ ညံ့ဖျင်းတာလား၊ ခင်ဗျားကိုကလည်း သိပ်လှသလား။ ဒီဟာနှစ်ခု တစ်ခုခုတော့ဖြစ်ရမယ်”

‘မ’ သည် နေရာမှထ၍ ပြေးချင်တော့သည်။ ကိုဘခက်၏ မျက်နှာကို ရုတ်တရက် မရဲတရဲ အကဲခတ်ကြည့်လိုက်ပြန်တော့လည်း ဘာမျှ ဆန်းကြယ်ခြင်းမရှိ၊ ပကတိတည်ကြည်လှသည်။

“တခြားအကြောင်းပြောပါဆရာ... ‘မ’ မနေတတ်တော့ဘူး။ ပြီးတော့လည်း ဆရာပြောသလို ‘မ’ က ဒါလောက်လည်း မချောပါဘူး”

‘မ’ က တုန်တုန်ယင်ယင်ဖြင့် တောင်းပန်လိုက်ရှာသည်။ ‘မ’ ၏ရင်ထဲ၌ကား တစ်သက်နှင့်တစ်ကိုယ် ခုအကြိမ် အလှူပ်ရှားဆုံးဟု ထင်မိသည်။ ကိုဘခက်ကမူ ခုမှပင် သူပြောလိုက်သောစကားအတွက် ‘မ’ ကို အားနာဟန်ရှိလေသည်။

“အေးဗျာ... ကျုပ်ပြောတဲ့စကားတွေဟာ ‘မ’ အတွက် အနှောင့်အယှက်ဖြစ်မယ်ဆိုရင်လည်း တောင်းပန်ပါတယ်။ ဒါပေမဲ့ ကျုပ် သန့်သန့်ရှင်းရှင်းပြောတယ်ဆိုတာတော့ ခင်ဗျားယုံပါ။ ‘မ’ ကို မြှောက်ပြီးပြောတာမဟုတ်ဘူး၊ ဖောက်ပြားတဲ့စိတ်နဲ့ ပြောတာလည်း မဟုတ်ဘူး။ ကျုပ်မျက်စိထဲမှာကိုက လှတယ်ထင်လို့ ပြောတာပဲ။ မြန်မာသီချင်းကြီးတွေထဲမှာ မိန်းမရဲ့အလှကို ဖွဲ့တာ နည်းတယ်၊ ရှိသလောက်အလှဘွဲ့တွေဟာလည်း နောက်ဆရာတွေရေးတာများတယ်။ ဥပမာ ပပဝင်းဝင်းပတ်ပျိုးဆိုပါတော့။ အဲဒီသီချင်းဟာ အလှဘွဲ့သီချင်းတစ်ပုဒ်ပဲ။ ဒါပေမဲ့ သူ့ရဲ့အသံနဲ့တေးသွားက မြမြမောင်းမောင်းကို လိုက်တာပဲ။ ဖြိုးဖြိုးရွှေရင် သီချင်းခန့်ဆိုတာလည်း ဒီလိုပဲ။ မိန်းမရဲ့ အလှဘွဲ့ကို ဖွဲ့တဲ့နေရာမှာလည်း တော်တော်ရဲတင်းတဲ့ သီချင်းတစ်ပုဒ်ပဲ။ ရင်ရဲ့အလှကို ပေါ်လွင်အောင် ဖွဲ့နိုင်တယ်။ ပြီးတော့လည်း အဆုံးပိုဒ်ကျတော့ ဒီအလှကြောင့် တကယ့်မေတ္တာစစ် မေတ္တာမှန်သဘောမထားဘဲ ကျီစားရုံလောက် သဘောထားတဲ့အကြောင်းကလေးကို ဖွဲ့ထားပုံက ကရုဏာရသ ပေါ်လွင်တယ်။ ဒါပေမဲ့ သူလည်း တေးသွားကျတော့ ဆဒ္ဒန်အိုင်သာ တစ်ချက်လွှတ်သီချင်းခန့်ပဲ။ ဒီလိုပဲ သင်းသင်းကြိုင်ကြိုင် သီချင်းဆိုရင် ရုပ်ရဲ့အလှကို ဖွဲ့တာပဲ။ ဒါပေမဲ့ သူလည်း တေးသွားကျတော့ ဆဒ္ဒန်အိုင်သာကို လိုက်တာပဲ။ နောက်တစ်ပုဒ်ရှိသေးတယ်။ မြဆံကေသာဆိုတဲ့ သီချင်းလည်း ဒီအတိုင်းပဲ။ မိန်းမရဲ့ ဆံပင်အလှကို ဖွဲ့တာပဲ။ ဒါလည်း စာသားအရကွဲတယ်။ တေးသွားနဲ့ တီးကွက်က တစ်ချက်လွှတ်ခံကို လိုက်တာပဲ။ မြန်မာသီချင်းကြီးတွေထဲမှာ အလှဘွဲ့နဲ့ ပတ်သက်ပြီး စာသားရော တေးသွားပါ သန့်သန့်မရှိခဲ့သလောက်ပဲ။ အလှဘွဲ့သီချင်းကို ရှေးဟန်ခန့်ခန့်နဲ့ ကျုပ်စပ်ကြည့်ချင်တယ်”

သည်တော့မှလည်း ‘မ’ သည် သက်ပြင်းကလေးကို ချလိုက်မိသည်။

ကိုဘခက်သည် သူပြောချင်သော စကားများကို ပြောပြီးလျှင် ငေးကြည့်ကာ ကျန်ခဲ့လေသည်။ ကိုဘခက်ပြောသော စကားများကိုလည်း မည်သို့မျှ အဓိပ္ပာယ်မကောက်တတ်အောင်ရှိတော့သည်။

သို့ပေမယ့် ‘မ’ ရင်ထဲ၌ကား ကိုဘခက်ပြောသွားသော စကားများကြောင့် တုန်လှုပ်ချောက်ချားလျက်ရှိနေသည်ကိုကား ငြင်းမရနိုင် ဖြစ်တော့သည်။

[ ၇ ]

ကိုဘခက်၏စောင်းသံသည် အသံချဲ့စက်အတွင်းမှ မင်္ဂလာခန်းမတစ်ခုလုံးကို ပျံ့လွင့်သွားသည်။ စောင်းသံနှင့်အတူ ကြည်လင်ပြတ်သားလှသော သီချင်းသံသည်လည်း မင်္ဂလာခန်းမတစ်ခုလုံးကို လွှမ်း၍သွားလေသည်။

စောစောကမူ အဖွဲ့ပေါင်းစုံမှ သီချင်းမျိုးစုံကို တီးကြသည်။ ရေဒီယိုတွင် ခေတ်စားနေသော သီချင်းသံများလည်း ကြားရသည်။ ဘလှသန်းထွန်းတို့ လူသိုက် တီးသွားသော နိုင်ငံခြားသီချင်းသံများလည်း ကြားရသည်။

ယခုမူ မင်္ဂလာအခမ်းအနားကို စပြီဖြစ်သဖြင့် ဘိသိက်ဆရာနှင့် ကိုဘခက်တို့ တီးဝိုင်းသာ အချီအချ စခန်းသွားလျက်ရှိသည်။

ကိုဘခက်သည် စောင်းဖြင့် ချစ်သမျှကိုပတ်ပျိုးကို ဆိုတီးတီးလိုက်သည်။ မင်္ဂလာခန်းမတစ်ခုလုံးကား ကိုဘခက်၏ သီချင်းသံကြောင့် ငြိမ်သက်လျက်ရှိသည်။

‘မ’ သည် မွန်၏နောက်နားမှ အပျိုရံအဖြစ် ထိုင်နေရှာသော်လည်း စိတ်အိုက်နေပုံရသည်။ မော်ကမူ မချိုမချဉ်မျက်နှာကလေးဖြင့် မွန့်ကို ခပ်တိုးတိုးနောက်လိုက်သည်။ မွန်သည် တည်ကြည်သော ဣန္ဒြေဖြင့် ခေါင်းကိုငုံ့ကာ မလှုပ်မယှက်ထိုင်၍နေသည်။

အမှန်၌ မွန်၏မင်္ဂလာပွဲတွင် ‘မ’ရော မော်ပါ ဝမ်းသာ ကြည်နူးနေရမည်ဖြစ်သော်လည်း ‘မ’ ၏မျက်နှာကလေးကမည်မျှပင် ဟန်ဆောင်နေရသော်လည်း ညှိုးရိပ်သမ်းလျက်ရှိသည်။ ရင်ထဲ၌ အလိုလိုဝမ်းနည်းသလို ရှိတော့သည်။

ထိုအထဲတွင် ကိုဘခက်၏သီချင်းသံကို ကြားလိုက်ရသောအခါ မနည်းပင် ဣန္ဒြေဆောင်၍ နေရတော့သည်။

ဘိသိက်ဆရာသည် မင်္ဂလာအခမ်းအနားကို တစ်ခုပြီးတစ်ခု ဆက်၍သွားလေသည်။

ဘိသိက်ဆရာက အာဝဇ္ဇန်းရွှင်သလောက် ကိုဘခက်၏တီးဝိုင်းကလည်း ငြိမ့်ညောင်းလှလေသည်။

‘မ’ စိတ်ထဲ၌ကား မြန်မြန်ပြီးပါစေဟုသာ ဆုတောင်းနေမိသည်။ နေရထိုင်ရသည်မှာလည်း ကျဉ်းကျပ်လွန်းလှသည်။ အတွင်းစိတ်ကို ဟန်ဆောင်နေရသည်မှာလည်း ပင်ပန်းလှသည်။

နေ့ခင်းမှစသော မင်္ဂလာအခမ်းအနားသည် ညနေစောင်းမှပင် ပြီးတော့သည်။

အခမ်းအနားရုပ်သိမ်းပြီးသောအခါ လက်ဖွဲ့ပစ္စည်းများနှင့် စာရင်းကို ဇစ်တာ့လက်ထဲသို့ အပ်လိုက်သည်။

ဒေါ်ခင်မျိုးသန့်ကမူ လက်ဖွဲ့ပစ္စည်းများကိုကြည့်ရင်း ကျေနပ်နေဟန်ရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

**“ကိုဘခက်၏စောင်းသံသည် အသံချဲ့စက်အတွင်းမှ မင်္ဂလာခန်းမတစ်ခုလုံးကို ပျံ့လွင့်သွားသည်။ စောင်းသံနှင့်အတူ ကြည်လင်ပြတ်သားလှသော သီချင်းသံသည်လည်း မင်္ဂလာခန်းမတစ်ခုလုံးကို လွှမ်း၍သွားလေသည်။ စောစောကမူ အဖွဲ့ပေါင်းစုံမှ သီချင်းမျိုးစုံကို တီးကြသည်။ ရေဒီယိုတွင် ခေတ်စားနေသော သီချင်းသံများလည်း ကြားရသည်။ ဘလှသန်းထွန်းတို့လူသိုက်တီးသွားသော နိုင်ငံခြားသီချင်းသံများလည်း ကြားရသည်။ ယခုမူ မင်္ဂလာအခမ်းအနားကို စပြီဖြစ်သဖြင့် ဘိသိက်ဆရာနှင့် ကိုဘခက်တို့တီးဝိုင်းသာ အချီအချ စခန်းသွားလျက်ရှိသည်။ ကိုဘခက်သည် စောင်းဖြင့် ချစ်သမျှကိုပတ်ပျိုးကို ဆိုတီး တီးလိုက်သည်။ မင်္ဂလာခန်းမတစ်ခုလုံးကား ကိုဘခက်၏ သီချင်းသံကြောင့် . . .”**

ဆရာအောင်လင်း၏ “အရိုင်းစံပယ်” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် မင်းတပ်မြို့ စစ်နယ်မြေမှူး ဗိုလ်မှူးကြီး အောင်မြတ်ထွန်း ဦးဆောင်၍ မင်းတပ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ရှေ့တန်းအမှတ်(၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း/အပြင်ကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ဝေဖြိုး(ဇလပ်မြေ)



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးသန်းလွင် ဦးဆောင်၍တပ်ဖွဲ့ဝင်များက မြို့မရပ်ကွက် ပဒုမ္မာလမ်း အထက(၁) ခြံစည်းရိုး လမ်းဘေးဝဲ/ယာ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ဆွေနွယ်(ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ ဆောင်းသီးနှံအဖြစ် ပဲထောပတ်သီးနှံများ စတင်စိုက်ပျိုး

ပွင့်ဖြူ စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုရက်ပိုင်း မိုးရွာသွန်းမှု ကောင်းမွန်ခဲ့မှုကြောင့် ဒေသခံတောင်သူများက ပဲတီစိမ်းသီးနှံစိုက်ခင်းများ ရိတ်သိမ်းပြီးစီးသည့် လယ်မြေများတွင် ဆောင်းသီးနှံအဖြစ် ပဲထောပတ်သီးနှံများကို စတင်စိုက်ပျိုး လုပ်ကိုင်နေကြပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။



### စီးပွားဖြစ်စိုက်ပျိုး

ပွင့်ဖြူမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး နွေ၊ မိုး ၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ စိုက်ပျိုးရေ အဆင်ပြေသည့်အတွက် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ အဓိက စိုက်ပျိုးသည့်သီးနှံများမှာ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲထောပတ်၊ ဖူးစားပြောင်း စသည့် သီးနှံများကို စိုက်ပျိုးကြကြောင်း သိရသည်။

ယခုရက်ပိုင်း ရွာသွန်းတဲ့မိုးနဲ့ ဆောင်းသီးနှံအဖြစ် ပဲထောပတ်သီးနှံကို ပြောင်းလဲစိုက်ပျိုးနေကြပါပြီ။ ဒီနှစ်တော့ ပဲထောပတ်သီးနှံမျိုးစေ့ဈေးက ပြီးခဲ့တဲ့နှစ်ထက် ဈေးကောင်းပေး ဝယ်ယူစိုက်ပျိုးနေရတယ်။ ပြီးခဲ့တဲ့နှစ်က ပဲထောပတ်သီးနှံမျိုးစေ့ တစ်တင်းကို ငွေကျပ် ၅၀၀၀၀ ဈေးလောက်ပဲ ရှိတယ်။ ဒီနှစ်က တစ်တင်းကို ငွေကျပ် ၈၀၀၀၀ ဈေးနဲ့ ဝယ်ယူစိုက်ပျိုးနေရတယ်။

### ကျေးရွာပေါင်း ၂၀၅ ရွာ

ပွင့်ဖြူမြို့နယ်သည် မြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၅ ရွာရှိကာ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စိုက်ပျိုးရေနှင့်သီးနှံအောင်ရေ လုံလောက်စွာရရှိအောင် ဖြန့်ဝေပေးမှုကြောင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ဒေသခံတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ )



## ဇလွန်မြို့နယ်၌ ငါးမျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ဇလွန် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် အင်းလုပ်ငန်းရှင်များပူးပေါင်း၍ အခြေခံလူတန်းစားများအား ငါးမျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက မြို့မဈေးသစ်နှင့် ကမ်းနားကွက်သစ်ရပ်ကွက်တို့တွင် ငါးမျိုးစုံပိဿာ ၆၀ ခန့်ကို တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## မြေငလျင်ဘေးအန္တရာယ်အသိပညာပေးပိုစတာ

### ကြိုတင်ပြင်ဆင်ရန်

- ပြိုကျ၊ ပြုတ်ကျနိုင်သော ပစ္စည်းများကို မြဲမြံအောင် ပြုလုပ်ထားပါ။
- ငလျင်လှုပ်ချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို လေ့လာလေ့ကျင့်ထားပါ။

### ငလျင်လှုပ်စဉ် အဆောက်အအုံ အတွင်းရှိပါက

- (၅)စက္ကန့်အတွင်း အဆောက်အအုံ အပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။
- အထပ်မြင့်တိုက်များ၏ ပြတင်းပေါက်၊ ဝရံတာနားမနေပါနှင့်၊ ခုန်ချခြင်း မပြုပါနှင့်။

**အချိန်မရွေးဖြစ်ပွားနိုင်ပါသည်။**

**တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနိုင်ပါသည်။**

**ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ခြင်းမရှိသေးပါ။**



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

### ငလျင်လှုပ်စဉ် အဆောက်အအုံ အပြင်တွင်ရှိပါက

- အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။
- ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓါတ်တိုင်၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့်ဝေးရာတွင်နေပါ။
- ကမ်းခြေ (သို့) မြစ်ကမ်းစပ်တွင် ရောက်နေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

**❍ ဟားခါးမြို့မှ**

ထွက်ရှိသော အသား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို ရောင်းချပေးလျက်ရှိရာ ဆန် နှစ်ပြည် ငွေကျပ် ၄၅၀၀၊ ပဲဆီ ၅၀ ကျပ်သား ငွေကျပ် ၆၅၀၀ ၊ နေကြာဆီ ၅၀ ကျပ်သား ငွေကျပ် ၅၅၀၀၊ ဆားသုံးထုပ်ငွေကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၄၅၀၀၊ အာလူးတစ်ပိဿာ ငွေကျပ် ၂၅၀၀၊ ကုလားပဲ တစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ကြက်ဥ ၁၀ လုံး ငွေကျပ် ၂၀၀၀၊ အမဲသား တစ်တွဲ ငွေကျပ် ၈၀၀၀၊ ဝက်သားတစ်တွဲ ငွေကျပ် ၉၅၀၀၊ ကြက်သားတစ်ကောင် ငွေကျပ် ၉၅၀၀၊ ချဉ်ပေါင် နှစ်စည်း ငွေကျပ် ၄၀၀၊ ကန်စွန်းရွက်တစ်စည်း ငွေကျပ် ၄၀၀၊ မုန်ညင်း တစ်စည်း ငွေကျပ် ၄၀၀၊ ငရုတ်သီးစိမ်း တစ်ဘူး ငွေကျပ် ၄၀၀ စသည်ဖြင့် အပြင်ပေါက်ဈေးထက် ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးပြီး ဝယ်ယူသူများပြားလျက် ရှိကြောင်း သိရသည်။

ဟားခါးမြို့တွင် ယနေ့ပြုလုပ်သည့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းသည် ဒုတိယအကြိမ်မြောက် ရောင်းချပေးခြင်းဖြစ်ပြီး စစ်ဗျူဟာ (အခြေချ) ဟားခါးတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောထွန်း၊ ဟားခါးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယနေ့ပြုလုပ်သည့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေချိန်တွင် လာရောက်ဝယ်ယူသူများနှင့် လမ်းသွား၊ လမ်းလာပြည်သူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်တက်လမ်း**

**❒ ကျောဖုံးမှ**

ဟောင်ကောင်အသင်းနှင့် ကစားခဲ့သည့် ခြေစမ်းပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့သူများ၊ ပြည်တွင်းလိဂ်လက်ကျန်ပွဲများတွင် ခြေစွမ်းပြနိုင်သူများ၊ ပြည်ပကလပ်များတွင် ကစားနေသူများဖြင့် ပေါင်းစပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် စက်တင်ဘာ ၂၁၊ ၂၄ ရက်က ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် အကျိုးရှိသည့်ခြေစမ်းပွဲဖြစ်ခဲ့ပြီး နည်းပြချုပ် အန်တွမ်နီဟေးသည် ပြည်ပကလပ်များတွင် ကစားနေသူများကို မရွေးချယ်ဘဲ ပြည်တွင်းလိဂ်တွင် ခြေစွမ်းပြနေသူများ၊ ကစားသမားသစ်များဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဟောင်ကောင်အသင်းနှင့် ခြေစမ်းပွဲကစားပြီးဖြစ်သောကြောင့် လေ့ကျင့်မှုပြန်လည်ရပ်နားမည်ဖြစ်ပြီး ကစားသမားများမှာလည်း ကလပ်ပွဲစဉ်များ ပြန်လည်ကစားမည်ဖြစ်သည်။ AFF Cup ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**




## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# အနုပညာ



## ယူကျူမှာ သီတင်းပတ်ငါးပတ်ဆက်တိုက် ထိပ်ဆုံးမှ နေရာယူနေတဲ့ BLACKPINK

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေတာဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဟာ ယူကျူရဲ့ ကမ္ဘာလုံးဆိုင်ရာ တေးဂီတဇယားမှာ ယခုသီတင်းပတ်မှာလည်း နံပါတ်တစ်နေရာ ရရှိနေပြီး ဒါဟာ သီတင်းပတ်ငါးပတ်ဆက်တိုက် ထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ Shut Down ကို စက်တင်ဘာ ၂၅ ရက်က ယူကျူမှာ စတင်လွှင့်တင်ခဲ့ပြီး အဆိုပါ တေးသီချင်းဟာ လက်ရှိမှာ ယူကျူရဲ့ ထိပ်တန်းတေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ်တစ်နေရာ ရယူထားပါတယ်။



## ဂျုံးဂုပုံတူပန်းချီကားများကို ဘင်္ဂလားဒေ့ရှ်တွင် ပြသ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျုံးဂုရဲ့ ပန်းချီကားတွေကို ဘင်္ဂလားဒေ့ရှ်မှာ လတ်တလော ပြုလုပ်ခဲ့တဲ့ ပန်းချီပြပွဲတစ်ခုမှာ ထည့်သွင်းပြသခဲ့ရာမှာတော့ အားပေးကြည့်ရှုသူပရိသတ် အလွန်များပြားခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျုံးဂုရဲ့ ပုံတူပန်းချီကားနှစ်ခုကို ရှီပါခါလာ အကယ်ဒမီမှာ နှစ်ရက်ကြာ ပြုလုပ်ခဲ့တဲ့ ပန်းချီပြပွဲအတွင်း ခင်းကျင်းပြသခဲ့ပါတယ်။ အဆိုပါ ပန်းချီတွေကို Fahmida Yeasmin Ripa က ရေးဆွဲထားတာဖြစ်ပြီး 1989 နဲ့ My You လို့ အမည်ပေးထားပါတယ်။ အဆိုပါ ပန်းချီကားတွေကို လာရောက်အားပေးတဲ့ ပရိသတ်အတော်များခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့်-စုစည်းသည်**

## တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် လာမည့်လအတွင်း ထွက်ရှိမည်

ကျော်ကြားတဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေပြီး သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို လာမယ့် အောက်တိုဘာလအတွင်း စတင်ထုတ်လွှင့်ပေးမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ခဲ့ခြင်းမရှိတာ အတော်ကြာခဲ့ပြီဖြစ်ပြီး မကြာမီမှာတော့ သူ့ရဲ့ တေးသီချင်းသစ်တွေကို ပရိသတ်ရှေ့အရောက်ပို့ဆောင်ဖို့ရာ စီစဉ်ထားပါတယ်။ လတ်တလောမှာ တေလာဆွစ်က ပရိသတ်တွေနဲ့ အွန်လိုင်းမှာ ဂိမ်းကစားကာ သူရေးသားထားတဲ့ တေးသီချင်းသစ်တစ်ပုဒ်ရဲ့အမည်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တေလာဆွစ်ရဲ့ ပြောကြားချက်အရ အဆိုပါ တေးသီချင်းအမည်မှာ ဆဲဆိုတဲ့ စကားလုံးပါဝင်နေတယ်လို့လည်း သိရပါတယ်။ ဒါဟာ တေလာဆွစ် ရေးသားထားတဲ့ တေးသီချင်းတွေအနက် ဒီလိုစကားလုံးမျိုးပါဝင်တာ ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။

တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်ကို Midnights လို့ အမည်ပေးထားပြီး အဆိုပါ တေးအယ်လ်ဘမ်ဟာ သူကြုံတွေ့ခဲ့ရတဲ့ အိပ်ပျက်ည ၁၃ ညအကြောင်းကို ထည့်သွင်းပုံဖော်ထားတာဖြစ်ကြောင်း တေလာဆွစ် ယခင်က ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။ အဆိုပါတေးအယ်လ်ဘမ်မှာ တေးသီချင်း ၁၃ ပုဒ် ပါဝင်နေပြီး အဆိုပါ တေးသီချင်းအမည်တွေ ထုတ်ဖော်ပြောကြားဖို့ရာ သူ့ရဲ့ဗီဒီယိုတွေကိုလည်း ဆက်လက်ထုတ်လွှင့်ဖို့ရာ ရှိနေကြောင်းလည်း သိရပါတယ်။




# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၁ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

မောင်သန်းဝင်းနိုင် [၁၄/လပတ(နိုင်)၁၅၃၇၆၀]နှင့် မယဉ်ယဉ်ဌေး [၇/ကဝန(နိုင်)၁၈၁၈၀၃]တို့သည် ၂၅-၉-၂၀၂၂ ရက်တွင် အသိသက်သေ လူကြီးများရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မယဉ်ယဉ်ဌေး၏ တင်ပြလွှဲအပ်ချက်အရ**
**NAY THU YEIN LAW FIRM**
**Daw Ma Ma Moe (LL.B)**
**Supreme Court Advocate (16231)**
**Of: No, 287, Kyae Hmone Street,**
**6 Quarter, Dagon (East) Township, Yangon.**
**Phone: 09- 443044644, 09- 421018528**
**Email- naythuyeinlawfirm@gmail.com**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အမှတ်(၂)ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ် (AJ-15)၊ ပေအကျယ် (40x60) ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်နှင့်သက်ဆိုင်သော မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့် မှန်သမျှအားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သန်းအေး [၁၂/မဘန(နိုင်)၀၂၆၁၅၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးယောဟန်ဒွေါလျှန် [၄/ထတလ(နိုင်)၀၃၇၉၇၆]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LL.B, LL.M, MRes, PhD)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၂၃)**
**တိုက်အမှတ်(၄၅)၊ (၅)လွှာဘီ၊ (၅၁)လမ်း၊ (၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၄၆၇၀၂၃၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၈၁)ရပ်ကွက်၊ ပန်းဝါလမ်း၊ အမှတ်(၆၀၈/က) နေ ဦးဇော်ထွန်းထွန်း (ဘ) ဦးဝင်းမြ [၁၄/ဟသတ(နိုင်)၂၅၁၃၁၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၀)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၆၇၅) ဟုခေါ်တွင်သော (အလျား ၄၀x အနံ ၆၀)ပေ အကျယ်အဝန်းရှိ ဦးတင်ငွေ (ISN-541865) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အဦ၊ လျှပ်စစ်မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဌေးဌေးခိုင် [၁၂/ကကက(နိုင်)၀၀၀၁၉၆]က အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အမှုအခင်းအရှုပ်အရှင်းကင်းစွာဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်တန်ဖိုး၏ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်အောင်**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၁၂)**
**ရုံးခန်း- အမှတ်(၈၃)၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၈၇၉၄၇၀၄၄၈**

## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၉-၉-၂၀၂၂ ရက်
တင်ဒါလျှောက်လွှာပိတ်ရက်နှင့်အချိန် - ၁၂-၁၀-၂၀၂၂ရက် (၁၆:၀၀)နာရီ
တင်ဒါလျှောက်လွှာရောင်းချ/လက်ခံမည့်နေရာ - ထားဝယ်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးဝါးအချက်အလက်များကို သိရှိလိုပါက ထားဝယ်ပြည်သူ့ဆေးရုံကြီး (ဖုန်း-၀၅၉-၂၁၃၄၈၊ ၀၅၉-၂၂၁၆၉) သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတင်ဒါခေါ်ယူရေးကော်မတီ**

## အလုပ်အကိုင်များ

**Maxwell Myanmar Company Limited မှ**

ရာထူးအမျိုးမျိုးအတွက် - ကျား-၃၀ နှင့် မ-၃၀
ပညာအရည်အချင်း - အထက်တန်းမှဘွဲ့ရအထိ
အသက် - ၁၈ မှ ၃၀ အတွင်း
ပိုမိုအချက်အလက်အတွက် - ၀၉- ၇၈၇၁၈၂၇၃၆

## အများသိစေရန် အသိပေးကြေညာခြင်း

